# မီးလျှံများကို ဖြတ်ကျော်ခြင်း



ထန်းတပင်စန်းလွင်



မီးလျှံများကိုဖြတ်ကျော်ခြင်း

သည့် နေ့ အလုပ်ပိတ်ရက်ဖြစ်သဖြင့် ကွာလာလမ်ပူမြို့လယ်ကောင်ရှိ မြန်မာစတိုးဆိုင်များ ဘက်သို့ ထွက်ခဲ့ကြသည် ။ မိမိနှင့် အတူ မြန်မာလူငယ်လေးများ လည်း ငါးယောက်ပါ၏။ အလုပ်ပိတ်ရက်များ တွင် မြန်မာလူမျိုးပိုင် စားသောက်ဆိုင်များ တွင် စုဝေးချိန်းဆို၍ တွေ့ဆုံလေ့ရှိကြသဖြင့် ဆိုင်တိုင်းလိုလိုပင် လူစည်နေတတ်သည် ။

ထိုနေ့က ကွာလာလမ်ပူမြို့၏ အချက်အခြာနေရာများ သို့ သွားရောက်လည်ပတ်ခဲ့ကြပြီး၊ ညနေငါးနာရီကျော်မှ ပင် မိမိတို့ နေထိုင်ရာမြို့လေး (SUN WAY) သို့ပြန်ခဲ့ကြ၏။ (PUDUYARA) အဝေးပြေးကားဂိတ်အနီးသို့အရောက် မြန်မာအမျိုးသမီးတစ်ယောက်က လာ၍ မိတ်ဆက်နေသဖြင့် ခဏရပ်၍ စကားပြောနေကြသည် ။

'' မောင်လေးတို့ က ဘယ်စက်ရုံကလဲ ''

'' ကျွန်တော်တို့ က (SUN WAY) မှာ နေတာပါ။ စက်ရုံမဟုတ်ပါဘူး။ စားသောက်ဆိုင်မှာ လုပ်တာပါ''

'' သြော်၊ မောင်လေးတို့ ဆိုင်မှာ မြန်မာဘယ်နှစ်ယောက်ရှိလဲ''

'' ဆိုင်မှာ မြန်မာအားလုံး ( ၇ ) ယောက်ရှိတယ်ဗျ''

'' ရော့။ ဒါ အစ်မလိပ်စာကတ်။ မင်းတို့ သူငယ်ချင်းတွေအားလုံးကို အစ်မကဖိတ်တာ။ ဆိုင်ဖွင့်ပွဲလုပ်မလို့ လေ။ ဆန်းဒေးဆိုတော့ မင်းတို့ အလုပ်ပိတ်ရက်နဲ့ တိုက်ရင် လာခဲ့ကြပေါ့''

''ဟုတ်ကဲ့ ကျေးဇူးပါပဲအစ်မ။ လာနိုင်အောင်တော့ ကြိုးစားပါ့မယ်။ ဆိုင်ကပိတ်ရက်မရှိဘူး။ ကျွန်တော်တို့ နားရက်နဲ့ တိုက်ရင်တော့ လာခဲ့ပါ့မယ်''

ထိုအမျိုးသမီးလည်း သူ၏ တိုက်ခန်းအနေအထားနှင့် လမ်းများကို စိတ်ရှည်လက်ရှည်ရှင်းပြနေပြီး ထွက်သွားတော့၏။ သူဖိတ်ကြားထားသည့် အတိုင်း သူ၏ ဆိုင်ဖွင့်ပွဲသို့ မိမိနှင့် သူငယ်ချင်းသုံးယောက် တက်ရောက်ခဲ့ကြသည် ။

မနက်ခင်းပိုင်းဖြစ်၍ မုန့်ဟင်းခါးဖြင့် တည်ခင်းဧည့်ခံကြ၏။ မစားရတာကြာပြီဖြစ်သော မုန့်ဟင်းခါးကို အလွမ်းပြေ အတိုးချပြီး စားသောက်ခဲ့ကြသည် ။

သည့် နောက်ပိုင်း ထိုဆိုင်သို့ မကြာခဏ ရောက်ဖြစ်ခဲ့ကြသည် ။ မြန်မာဆိုင် ဆိုသော်လည်း ပစ္စည်းပစ္စယ စုံစုံလင်လင် မရှိလှပါ။ မြန်မာအရက်ဘီယာနှင့် စားသောက်ဖွယ်ရာများ သာ အဓိကထား ရောင်းချသောဆိုင်ဖြစ်သည် ။

ဆိုင်ဖွင့်ပြီး သိပ်မကြာမီမှာ ပင် လူစည်ကားလာ၏။

ဆိုင်ရှင်အစ်မနှင့် ခင်ပွန်းသည် တို့ ကလည်း ဆက်ဆံရေးကောင်းသဖြင့် သူတို့ ဆိုင်တွင် အမြဲတစေ လူစည်နေတတ်သည် ။

မြန်မာအလုပ်သမားလေးများ ၏ အခက်အခဲများကိုလည်း တတ်နိုင်သလောက် ကူညီဖြေရှင်းပေးတတ်ကြသဖြင့် လူချစ်လူခင် ပေါခြင်းလည်း ဖြစ်သည် ။

မြန်မာနိုင်ငံမှ လာရောက်သူမှန်လျှင် မည်သူဖြစ်ဖြစ် ခွဲခြားမှုမရှိဘဲ ညီအစ်ကိုအရင်းအချာများ လို စောင့်ရှောက်ကြသဖြင့် မြန်မာတော်တော်များများ ၏ အားကိုးအားထားပြုရာ မိဘသဖွယ်လည်း ဖြစ်လာကြသည် ။

သုံးလေးငါးလအတွင်းမှာ ပင် သူတို့ လင်မယားနှင့် မိသားစုလိုဖြစ်သွားတော့သည် ။ မိမိတို့ အတွက် အချိန်ခါမရှိ ဝင်ထွက် စားသောက်၍ရသော စားအိမ်သောက်အိမ် ဖြစ်လာခဲ့သည် ။ မိမိတို့ ကလည်း ဆိုင်တွင် တတ်နိုင်သမျှ ဝင်ရောက်လုပ်ကိုင်ပေးကြသဖြင့် တကယ့်သွေးသားအရင်းအချာများ လို ဖြစ်လာကြ၏။

ထိုအချိန်မှာ ပင် မိမိတို့ ခန္ဓာကိုယ်တွင်း ပြောင်းလဲမှုများကို စတင်သတိပြုမိလာကြ၏။

''ဟေ့ကောင် မနေ့က အစ်မကြီးဆိုင်ကပေးလိုက်တဲ့ စီးကရက်တွေကုန်ပြီလား''

''သုံးလိပ်တည်းပေးလိုက်တာ ကိုနိုင်ရဲ့ ။ ကုန်ပြီပေါ့။ ဘာလဲ ...သွေးတောင်းနေပြီလား''

''အေးကွာ။ ငါ အဲဒီစီးကရက် သောက်ချင်နေလို့ ''

''ပစ္စည်းတွေပါဗျာ။ ပိုက်ဆံရှိရင် ဝယ်လို့ ရပါတယ်။ အဲဒါတွေက No .3 တွေ''

''ဘာရယ် ဘာပစ္စည်းလဲ။ No.3 တွေဆိုတာက ဘာလဲ''

''ကိုနိုင်ကလဲဗျာ လည်မလိုနဲ့ အလိုက်တာ။ အဲဒါ ဘိန်းတွေဗျ။ NO.3 အဆင့်ဘိန်းတွေ။ No.4 အဆင့် မဟုတ်ဘူး ''

'' ဟင်၊ ဒါဆို ငါတို့ သောက်နေတာ ဘိန်းတွေပေါ့။ ငါတို့ တော့ ဘိန်းစားဖြစ်ပြီနဲ့ တူပါတယ်ကွာ''

'' မသောက်ဘဲနေလိုက်ပေါ့ဗျာ ''

'' အေးကွာ။ အဲဒီလိုတော့ စဉ်းစားနေတာပဲ။ မသောက်ဘဲလည်း မ

နေနိုင်ပြန်ဘူး။ ဒါနဲ့ မင်းက ဒါတွေကို အစကတည်းက သိနေတာလား''

''ဟုတ်တယ်။ သူတို့ က ဆိုင်ကို ဟန်ပြပဲရောင်းတာ။ သူတို့ တကယ်ရောင်းတာက ဘိန်းပဲ။ ကျွန်တော်တို့ လည်း အရင်တုန်းက ဘာမှ မသိဘူး။ နောက်မှ ဘိန်းမှန်းသိလိုက်ရတာ။ သိလိုက်တဲ့ အချိန်မှာ ဘိန်းကစွဲနေပြီ''

''ဟင်၊ ဒါဆို ငါတို့ ကိုဘိန်းစွဲအောင်လုပ်ပြီးတော့ ဘိန်းရောင်းတာပေါ့ ဟုတ်လား''

''ဟုတ်တယ်၊ သူတို့ အလုပ်က ဒါပဲ။ ကျွန်တော်တို့လို မလည်မဝယ်ကောင်တွေကို ဘိန်းစွဲအောင် လုပ်ပြီးတော့ ဘိန်းရောင်းတာ သူတို့ အလုပ်ပဲ''

''သြော်-တော်တော်ယုတ်မာတဲ့ လင်မယားကွာ။ ငါက မြန်မာအချင်းချင်း စည်းလုံးတယ်ထင်နေတာ။ ငါတို့ ကိုလည်း တကယ့်မောင်နှမတွေလို ချစ်ခင်နေတယ် အောက်မေ့နေတာ''

''သွားစမ်းပါဗျာ။ သူတို့ အတွက်အကျိုး မရှိရင် တစ်ပြားမှ အကုန်ခံတာ မဟုတ်ဘူး ။ ခင်ဗျားကို ပေါင်းနေတယ်ဆိုတာက ဘိန်းရောင်းချင်လို့ ဖောက်သည် ရှာတာ ဒါပဲ''

''ငါအရမ်းပေါက်ကွဲတယ်ကွာ။ ငါတို့ မြန်မာတွေကို မြန်မာတွေကဖျက်ဆီးနေတာ ရင်နာလွန်းလို့ ကွာ''

''ဒါပေမဲ့ ခင်ဗျား သူတို့ ကိုသွားပြီး ပြဿနာမရှာနဲ့ ခင်ဗျား ဘဝပျက်သွားမယ်''

''ဘာဖြစ်လို့ ဘဝပျက်ရမှာ လဲ''

''ခင်ဗျား အခု ဘိန်းချချင်နေပြီ မဟုတ်လား။ ကဲ အဲဒီဘိန်းကို ဘယ်

မှာ သွားရှာမလဲ။ ကိုယ့်နိုင်ငံလည်း မဟုတ်။ မလေးဘာသာစကားလည်း ကောင်းကောင်း မတတ်သေးဘူး။ ခင်ဗျား ဘိန်းရှာတတ်လို့ လား။ ဘိန်း က သူတို့ ဆီမှာ ပဲ လွယ်လွယ်ရတာဗျ။ သူတို့ ဆီမှာ မရရင် ဘိန်းမချရ တော့ဘူး။ ယင်းထတော့မယ်။ ဒါကြောင့် သူတို့ မကောင်းမှန်းသိပေမယ့် သူတို့ ကို လွန်ဆန်လို့ မရတော့ဘူး''

''ဟူး--ခံရခက်လိုက်တာကွာ။ ငါ သူတို့ ကို သွားပြီး သတ်ပစ်ချင်တ ယ်''

''သွားမလုပ်နဲ့ ဟော့လူ။ ခင်ဗျား ဒုက္ခရောက်သွားမယ်။ ဒီတိုင်းပြည်မှာ (OVERSTAY)တွေ တစ်ပုံကြီး။ အဲဒီကောင်တွေကို ငွေပေး ခိုင်းလိုက်ရင် ခင်ဗျား နောက်နေ့ မျက်နှာသစ်စရာ ခေါင်းတောင်မရှိဘူး ဖြစ်သွားမယ်''

''ဘာဂိုဏ်းတွေလဲ''

''အများကြီးပေ့ါဗျ။ ဒီမှာ လူသတ်ဂိုဏ်းတွေရှိတယ်။ မူးယစ်ဆေးဝါး ဂိုဏ်းတွေ ရှိတယ်။ လူကုန်ကူးဂိုဏ်းတွေ ရှိတယ်။ ဂိုဏ်းတွေအများကြီး ။ အဲဒီကောင်တွေကို ဆက်သွယ်ပြီး ရှင်းခိုင်းလိုက်လို့ ရတယ်''

''ကဲ လုပ်မနေနဲ့ ဟော့လူ ဘာမှ စဉ်းစားမနေနဲ့ ။ ခင်ဗျား အခု ပစ္စည်း ဝယ်မှာ လား''

''အေး-မဝယ်ဘဲလည်း မနေနိုင်ဘူးကွာ။ ဒီတစ်ခါတော့ ဝယ်လိုက်ဦး မယ်။ ဒါလေးကုန်ရင်တော့ တော်ပါပြီကွာ။ ဘိန်းကို နောက် ဘယ်တော့ မှ မရှူတော့ဘူး''

''ဒါဆိုလည်း ပိုက်ဆံပေးဗျာ။ သွားဝယ်လိုက်မယ်။ ကျွန်တော့်မှာ ပို က်ဆံမရှိတော့ဘူး''

ဝင်းထွန်းက မိမိထံမှ ရင်းဂစ်ငါးဆယ်ယူပြီး ထွက်သွား၏။ ထိုနေ့က သူဝယ်လာသည် က အအေးသောက်သည့် ပိုက်တံကလေးအတွင်း ဘိန်းမှုန့်များ ထည့်ထားသည့် ပိုက်တံကလေးဖြစ်သည် ။

ထိုတစ်လက်မခန့် ဘိန်းမှုန့်များကို ရင်းဂစ် (၂၀) ပေးရ၏။ မြန်မာငွေဖြင့် ထိုစဉ်က (၇၀၀၀) ခန့်ရှိသည် ။ ထိုနေ့က ဟန်ပင်မဆောင်နိုင်တော့ဘဲ ဘိန်းကို အငမ်းမရ ရှူလိုက်ကြ၏။ တစ်နေကုန် နေမရထိုင်မရ ဂဏှာမငြိမ်ဖြစ်နေသော စိတ်တို့ သည် ဘိန်းရှူလိုက်ရမှ ပင် ငြိမ်ကျသွားတော့သည် ။

ထိုနေ့က ဘယ်ကိုမှ မထွက်ဖြစ်ဘဲ အခန်းအောင်းပြီးနှစ်ယောက်သား ဘိန်းရှူနေကြသည် ။ အလုပ်ပိတ်ရက်မို့ စိတ်လွတ်ကိုယ်လွတ် ဘိန်းရှူနေကြခြင်းဖြစ်သည် ။

နောက်နေ့မနက် အလုပ်ဝင်ကြရသည် ။ အလုပ်ထဲတွင် စိတ်မပါလှသော်လည်း ညနေ မြန်မြန်ရောက်ချင်သည့် စိတ်က လွှမ်းမိုးနေသဖြင့် မည်သူနှင့် မျှ ဟုတ်တိပတ်တိ စကားမပြောဖြစ်။ ညနေရောက်လျှင် ဘိန်းရှူရမည့် အရေးကို တွေးပြီး ပျော်နေမိသည် ။

ဘိန်းသည် ဤမျှပင် လူသားတို့ ကို ဆွဲဆောင်နိုင်လှ၏။ ညနေစောင်းသည် နှင့် အိမ်အပြန်ခြေလှမ်းတို့ က သွက်လက်နေ၏။ မိမိတို့ က နေ့စားအလုပ်သမားများ မို့ တစ်နေ့တာ လုပ်ခငွေ(၂၅)ရင်းဂစ်ကို တစ်ခါတည်း ရှင်းပေးလိုက်သည် ။

(၂)ရင်းဂစ်ကို ထမင်းဝယ်စားလိုက်၏။ (၃)ရင်းဂစ်ကို စီးကရက်တစ်ဘူးဝယ်လိုက်၏။ ပိုသောငွေ ရင်းဂစ်(၂၀)ကို အကုန်လုံး ဘိန်းဝယ်လိုက်ရသည် ။ ထိုဘိန်းနှစ်ဆယ်ဖိုးသည် တစ်ယောက်စာရှူဖို့ သာ လုံလောက်သည် ။

နှစ်ယောက်စာဆိုလျှင် မလောက်ငတော့။ တစ်ခါတစ်ရံ ဧည့်သည်ရောက် လာပြီး ထိုဧည့်သည် ကပါ ဝင်ရှူလျှင် မလောက်ငတော့။ ထိုအခါမျိုးတွင် ဘိန်းနည်းနည်းနှင့် မြန်မြန်တက်မည့် နည်းကို သုံးကြရသည် ။ နည်းပေါင်းကလည်း စုံလှသည် ။

(လူငယ်များ အတုမြင် အတတ်သင် ဖြစ်မည်စိုးသဖြင့် ထိုဘိန်းရှူနည်းများကို မရေးတော့ပြီ)

ဤသို့ဖြင့် တဖြည်းဖြည်းကြာလာသည့် အခါ မိမိအိမ်သို့ပို့မည့် ပိုက်ဆံကလေးလည်း လုံးပါး ပါးတော့သည် ။ မျက်စိထဲမှာ ဘိန်းရှူဖို့ ကလွဲ၍ ဘာကိုမှ မမြင်တော့။ မြန်မာနိုင်ငံမှာ မိမိပို့မည့် ငွေကို မျှော်လင့်တကြီး စောင့်မျှော်နေကြသည့် မိသားစုကိုလည်း ထည့်မတွက်တော့။

သားသမီးသုံးယောက်ကို ဈေးရောင်းရင်း ပင်ပန်းကြီးစွာရှာဖွေကျွေးမွေးနေရသည့် ဇနီးသည် ကိုလည်း ကိုယ်ချင်းစာရကောင်းမှန်း မသိတော့။ သားသမီးတို့ ၏ ပညာရေး၊ စားဝတ်နေရေး၊ ကျန်းမာရေးတို့ ကိုလည်း ထည့်မတွက်မိတော့။ ဘိန်းရှူလိုသည့် စိတ်ကသာ အခါခပ်သိမ်း လွှမ်းမိုးနေတော့သည် ။ ဘိန်းကလွဲ၍ အရေးကြီးတာ ဘာမှမရှိ။ အရေးကြီးသည် မှာ - မိမိ ဘိန်းမှန်မှန်ရှူရရေးသာ ဖြစ်သည် ။

တစ်ခါတစ်ရံ အိပ်တန်းပြန်ငှက်တို့ ကိုကြည့်ပြီး စိတ်က မိသားစုထံ ရောက်သွားတတ်သည် ။ မိသားစုအကြောင်း စဉ်းစားလိုက်မိသည် နှင့် တစ်ကိုယ်လုံး နုံးခွေကျသွား၏။

မျက်ရည်များက အလိုလိုလိမ့်ဆင်းကျလာတတ်သည် ။ ကိုယ့်ဘဝကို ယူကျုံးမရ ဖြစ်နေမိတတ်သည် ။ ကိုယ့်ပြည် ကိုယ့်မြေကို ပြန်ချင်စိတ်က တားမရအောင် ဖြစ်လာတတ်၏။ မိသားစုကို တမ်းတစိတ်က လွန်

လွန်ကဲကဲ ဖြစ်လာ၏။

ကိုယ့်ကိုယ်ကိုယ် ''ဘိန်းသမား''ဟု သိလိုက်သည် နှင့် မိမိတို့ ငယ်စဉ်က အိန္ဒိယလူမျိုး ကုလားအဘိုးကြီးကို ပြေးမြင်မိတတ်သည် ။ ထိုအဘိုးကြီးသည် ကုန်ထမ်း၏။ ကုန်ထမ်းပြီး ရလာသမျှငွေကို အကုန်ဘိန်းရှုပစ်သည် ။ တစ်နေ့ နောက်ဖေးရေမြောင်းထဲတွင် မှောက်ခုံလဲကျပြီး သေဆုံးနေသည် ကို တွေ့ကြရသည် ။

ထိုသို့တွေးမိလိုက်သည် နှင့် ဘိန်းရှူရမှာ ကို ကြောက်သွားတတ်သည် ။ တုန်လှုပ်ချောက်ချားလာတတ်သည် ။ ကတုန်ကယင် ဖြစ်လာတတ်သည် ။ သို့သော် အချိန်ကျလာသည် နှင့် ဘိန်းမရှူရ မနေနိုင်အောင် သွေးသားတွေက တောင်းဆိုလာတော့သည် ။

အဘယ်မျှပင် စိတ်အားတင်းထားပါသော်လည်း ဘိန်းရှူလိုသည့် သွေးသားဆန္ဒကို မလွန်ဆန်နိုင်ခဲ့ပါလေ။ ဘိန်းရှေ့မှောက် ဒူးထောက်ခဲ့ရသည် သာ။ တစ်နေ့တာ လုပ်အားခကို အာဟာရဖြစ်မည့် အစားအစာလေးများ ဝယ်ယူစားသောက်လိုပါသော်လည်း ခန္ဓာကိုယ်က ဘိန်းကို အငမ်းမရ တောင်းဆိုနေသဖြင့် လိုက်လျောခဲ့ရသည် သာ။

ဘိန်းဖြတ်လိုသည့် စိတ်က အချိန်ပြည့်ရှိနေခဲ့ပါသော်လည်း အချိန်ကျလာသည် နှင့် ဘိန်းရှိရာဆီသို့သာ ရောက်မြဲ။ မိမိတို့ (OVER STAY) သမား (၇)ယောက် နေထိုင်သောတိုက်ခန်းအတွင်း အမြဲတစေ ဘိန်းငွေ့တွေ ဝေနေတတ်သည် ။

(၇)ယောက်စလုံး ဘိန်းသမားများ ဖြစ်သည် ။ ကြာလာသည့် အခါ ဘိန်းကို သွားဝယ်စရာပင်မလိုတော့။ ညနေမိုးချုပ် ဆိုင်ကယ်များ ဖြင့် လာရောင်းကြသည် ။ ထိုရောင်းသူများ တွင် မြန်မာလည်း ပါ၏။ မလေးလည်း ပါ၏။ ထိုင်းလူမျိုးလည်း ပါ၏။ အင်ဒိုနီးရှားလူမျိုးလည်း ပါ၏။

တရုတ်လည်း ပါ၏။

သူတို့ က ကိုယ်တိုင်ဘိန်းရှူပြီး ကိုယ်တိုင်ဘိန်းအရောင်းအဝယ်လည်း လုပ်သဖြင့် စီးပွားရေးအရ တွက်ခြေကိုက်သလို ဘိန်းမရှူရမှာ လည်း ပူစရာမလို။ မိမိတို့လို ဘိန်းသမားများ နေထိုင်သည့် တိုက်ခန်းမှန်သမျှ သူတို့ အကုန်သိကြသည် ။ သူတို့ အတွက်တော့ တကယ့်စီးပွားရေးဈေးကွက်ကြီးတစ်ခု ဖြစ်သည် ။

ဤသို့ အလုပ်ဆင်းလိုက် ဘိန်းရှူလိုက်နှင့် ဘိန်းရှူသည့် သက်တမ်းက (၆)လကျော်လာခဲ့သည် ။ မနက် အလုပ်ဆင်းသည် နှင့် မိမိတို့ စားပွဲထိုးလုပ်ကိုင်သောဆိုင်မှ နေ့လယ်စာ ထမင်းတစ်နပ်ကျွေး၏။ ထိုတစ်နပ်ဖြင့် တစ်နေ့လုံး အလုပ်ဆင်းရ၏။ ညနေအလုပ်ဆင်းချိန်တွင် တစ်နပ်ဝယ်စား၏။

အိမ်ပြန်ရောက်ပြီး ဘိန်းရှူပြီးသည် နှင့် တစ်ညလုံး မှိန်းနေကြသည် ။ မနက် (၇) နာရီထိုးမှ အိပ်ယာမှ ထပြီး အလုပ်တန်းဆင်းရသည် ။ အာဟာရဖြစ်မည့် အစားအစာ လုံးဝမစားသလောက်ဖြစ်သည် ။ စားချင်တာ ဝယ်စားလိုက်ပြန်လျှင် ဘိန်းဝယ်ဖို့ ပိုက်ဆံက လောက်ငတော့မည် မဟုတ်သဖြင့် ဘာမှ လည်း ဝယ်မစားဖြစ်ကြ။

အာရုံထဲတွင် ဘိန်းသာရှိသဖြင့် ဘိန်း ပြည့်ပြည့်ဝဝ ရှူနိုင်ရေးသာ စိတ်မှာ ရှိ၏။ အချိန်တို့ တရွေ့ရွေ့ကုန်ဆုံးလာသလို တဖြည်းဖြည်း ဘိန်းသမား ပီသလာခဲ့လေပြီ။ ဘိန်းစားစစ်စစ် ဖြစ်လေပြီ။

တစ်ချိန်က ဖြူဖွေးသော အသားအရေတို့ မှာ မွဲခြောက်ခြောက်ဖြစ်လာခဲ့ပြီ။ မျက်ကွင်းများ ညိုမည်းပြီး လူကိုကြည့်လိုက်သည် နှင့် ဘိန်းသမားမှန်း သိသာလာ၏။ ရွှင်ပျသောရုပ်လက္ခဏာမရှိတော့။ မျက်နှာကိုအမြဲတစေ အောက်ငုံ့ထားရ၏။

တစ်နေ့တာလုပ်အားခကို တစ်နေ့တည်းကုန်အောင် ဘိန်းရှူပစ်နေသဖြင့် လက်ထဲတွင် ပိုက်ဆံမရှိ။ အဝတ်အစားလည်း ဝယ်မဝတ်နိုင်သဖြင့် ပြောင်ပြောင်ရောင်ရောင်မရှိ။ မိမိတို့ ကလည်း အဝတ်အစားထက် ဘိန်းကိုသာ စိတ်ဝင်စားသဖြင့် ပေစုတ်စုတ်နှင့် ပင် ဖြစ်သလိုနေ ဖြစ်သလိုစား ဘဝကို ရေစုံမျှောနေမိတော့သည် ။

မိမိတို့ သာလျှင် ဘိန်းစားဖြစ်နေခြင်းမဟုတ်။ မိမိတို့ နှင့် တစ်အိမ်တည်းအတူနေကြသည့် မျက်နှာကြက်အမိုးပေါ်မှ အိမ်မြှောင်များ သည်ပင် ဘိန်းစွဲကုန်ကြသည် ။

အိမ်မြှောင်တို့ သည် အလွန်နူးညံ့သည့် သတ္တဝါများ ဖြစ်၏။ မိမိတို့ ဘိန်းရှူရာမှ လေထဲလွင့်ပါသွားသည့် ဘိန်းအငွေ့များ ရှူမိရာမှ ဘိန်းစွဲကုန်ကြခြင်းဖြစ်သည် ။

မိမိတို့ အလုပ်မှ ပြန် လာပြီး ဘိန်းရှူရန် ဝိုင်းထိုင်လိုက်ကြသည် နှင့် မိမိတို့ ၏ အပေါ် မျက်နှာကြက်တွင် လာနေကျ အိမ်မြှောင်များက အကောင်နှစ်ဆယ်ခန့် ဝိုင်းစုလာကြတော့သည် ။

ဘိန်းဝိုင်း နှစ်ဝိုင်းရှိရာတွင် နှစ်ဝိုင်းစလုံး၏ အပေါ်မျက်နှာကြက်၌ အိမ်မြှောင်များ စုဝေးရောက်ရှိလာကြတော့သည် ။ မိမိတို့ ဘိန်းရှူပြီး မကြာမီမှာ ပင် အိမ်မြှောင်များ လည်း ဘိန်းငွေ့များကို ရှူရှိုက်ကာ မလှုပ်မယှက်ငြိမ်သက်၍ ဘိန်းမှိန်း မှိန်းနေကြတော့သည် ။ ရံခါ အိမ်မြှောင်များ မျက်နှာကြက်ပေါ်မှ ပြုတ်ကျလာတတ်သည် ။

ထိုအချိန်ထိ မိမိအပါအဝင် (၇) ယောက်စလုံး ကျန်းမာရေးကောင်းနေသေးသော်လည်း ဝင်းထွန်းတစ်ယောက် မကြာခဏ ဖျားနေသဖြင့် အလုပ်လည်း မဆင်းနိုင်တော့။ အလုပ်မဆင်းနိုင်သဖြင့် ပိုက်ဆံမရှိ။ ဆေးဝယ်သောက်ရန်ပင် မတတ်နိုင်တော့။ မိမိတို့ မှာ လည်း

မိမိဘိန်းဖိုးနှင့် အပတ်မလည်။ မည်သူတစ်ဦးတစ်ယောက်ကမျှ ဝင်းထွန်းကို ပြန်မကြည့်နိုင်ကြ။ ကိုယ်ဘိန်းရှူရရေးလောက် မည်သည့်အရာမျှ အရေးမကြီး။

သို့နှင့် ဝင်းထွန်းတစ်ယောက် ပိန်ချုံးကျလာတော့သည် ။ တစ်ခါတစ်ရံ မိမိတို့ အလုပ်ဝင်နေသော စားသောက်ဆိုင်မှ ရောင်းမကုန်၍ ပိုနေသော အစားအသောက်များကို ယူ လာပြီး ကျွေးမွေးပါသော်လည်း မစားနိုင်တော့။ အစားမဝင်တော့သဖြင့် လူက သေခါနီးလူမမာလို အရိုးပေါ်အရေတင် ဖြစ်လာတော့သည် ။

တစ်ခါတစ်ရံ မိမိတို့ ဆိုင်သို့ လာနေကျဖောက်သည် များကပေးသော (TIP MONEY) ဘောက်ဆူးရသည့် နေ့များ တွင် သူငယ်ချင်းများ စုပြီး ဝင်းထွန်းအတွက် အာဟာရဖြစ်မည့် အစားအစာလေးများ ဝယ်ခြမ်းကျွေးမွေးကြပါသော်လည်း လူကနာလန်မထူနိုင်တော့။ ဘိန်းကိုသာ အငမ်းမရ တောင်းနေတော့သည် ။

သည် ကြားထဲ မလေးတစ်နိုင်ငံလုံး တရားမဝင်နေထိုင်သူများကို စစ်ဆင်ရေးတစ်ရပ်အနေဖြင့် ဖမ်းဆီးကြလေရာ အလုပ်ရှင်သူဌေးများကလည်း မိမိတို့ ကို ခန့်မထားရဲတော့။

သူတို့ အလုပ်၌ တရားမဝင်နေထိုင်သူတစ်ယောက်ကိုဖမ်းမိလျှင် သူဌေးက ဒဏ်ငွေရင်းဂစ်(၄)ထောင်နှင့် ထောင်(၄)နှစ်ကျခံရမည်ဖြစ်ပြီး တရားမဝင်နေထိုင်သူကို ထောင်(၄)နှစ်အထိ ကျခံရမည်ဟု ဥပဒေထုတ်ထားသဖြင့် အလုပ်မခန့်ရဲတော့။

ထို့ကြောင့် မိမိတို့ အားလုံးကို အလုပ်မှ ထုတ်လိုက်ကြလေတော့သည် ။ သည် အနီးတစ်ဝိုက်မှာ လည်း အဖမ်းအဆီးများ လာသဖြင့် မိမိတို့ လည်း အခန်းအောင်းနေကြရသည် ။

အလုပ်ဆင်းနေစဉ်က စားဖို့ ဘိန်းရှူဖို့ မပူရသော်လည်း အလုပ်ထုတ်ခံလိုက်ရသောအခါ ဘိန်းရှူဖို့ ဝေးစွ။ စားဖို့ ပင်မရှိတော့ပေ။ တစ်နေ့လျှင် ဆင့် (၃၀) တန် ခေါက်ဆွဲပြုတ်တစ်ခွက်သာ မသေရုံစားကြရပြီး ဘိန်းငတ်နေသဖြင့် ယင်းကိုက်သည့် ဒဏ်ကို လူးလှိမ့်နေအောင် ခံကြရတော့သည် ။

တစ်ကိုယ်လုံးပုရွက်ဆိတ်ကိုက်သလို တဖျင်းဖျင်း တရွရွ ခံစားနေရ၏။ ထိုင်နေ၍ လည်း မရ။ ထနေ၍ လည်း မဖြစ်။ ဂဏှာမငြိမ်အောင် ဖြစ်နေကြ၏။ တဝါးဝါးသမ်းပြီး ခေါင်းမထူချင်အောင် ကိုက်ခဲနေ၏။ အကြောတွေတက်နေပြီး ကွေးကောက် လူးလှိမ့်နေရသည် ။

ခဏအကြာ ချမ်းလာပြန်၏။ တော်ကြာချွေးတွေ ပျံပြီး တစ်ကိုယ်လုံး အပူချိန်က တက်လာပြန်၏။ အဖျားဝင်လာပြန်သည် ။ ကိုက်ခဲသည့် ဒဏ်က အဆိုးဆုံးဖြစ်သည် ။ ဒေါသတွေ အလိုလိုထွက်နေ၏။ လမ်းထလျှောက်လိုက် ပြန်ထိုင်နေလိုက် မည်သို့မျှနေမရအောင် နှိပ်စက်နေ၏။

အဖျားက တော်တော်နှင့် မကျ၊ ဖျားနေရင်း အကြောအခြင်တွေ ကွေးကောက်လာပြန်သည် ။ ဆေးရုံဆေးခန်း သွားလိုပါသော်လည်း အဖမ်းခံရမည်စိုးသဖြင့် ဘယ်ကိုမှ မထွက်ရဲကြ။ မိမိတို့လို ပတ်စ်ပို့စာအုပ်မရှိသူများကို မည်သည့် ဆေးခန်းကမျှ လက်ခံပြီး ကုသပေးမည်မဟုတ်ပါ။

မိမိနှင့် ဘဝတူများကို ငဲ့ကြည့်လိုက်ပြန်တော့လည်း သူတို့ က သာ၍ပင် ဆိုးသေးတော့သည် ။ အချို့ သမံတလင်းပေါ်မှာ အဝတ်မပါ ဗလာကိုယ်ထည်ဖြင့် မှောက်ခုံမှောက်နေပြီး တဟင်းဟင်းငြီးငြူလျက် လူးလှိမ့်နေကြ၏။ အချို့အခန်းထောင့်တွင် ဒူးနှစ်ဖက်ကို ဖက်ပြီး ထိုင်နေကြ၏။ ထိုင်နေရင်းမှ မျက်ရည်များ စီးကျနေ၏။

ပြီးလျှင် သမံတလင်းကို လက်သီးဖြင့် ထိုးနေလိုက်သည် မှာ လက်သီးတစ်ခုလုံး သွေးတို့ ဖြင့် ခြင်းခြင်းနီ၏။ သို့သော် သူသိပုံမရ။ တစ်ခါတစ်ရံ ''အဖေ'' ''အမေ'' ဟု အော်ဟစ်တမ်းတသံများ သူတို့ နှုတ်ဖျားမှ အလိုလိုထွက်လာကြသည် ။

ထိုအခါမျိုးတွင် မချိတင်ကဲ ကြေကွဲစွာအော်ဟစ် ငိုကြွေးနေတတ်သည် ။ သူတို့ က မိမိတို့ ထက် ဝါရင့်သော ဘိန်းသမားဖြစ်သည် ။ အကြောထဲသွင်းသည့် အဆင့်ရောက်နေသူများ ဖြစ်၏။ ထို့ကြောင့် ယင်းကိုက်သည့် ဒဏ်ကို မိမိတို့ ထက်ပို၍ ဆိုးရွားစွာ ခံစားနေရခြင်းဖြစ်သည် ။ ဤကား ယင်းကိုက်သည့် ဒဏ်ကို ပထမဦးဆုံးအကြိမ် ခံစားဖူးခြင်းဖြစ်သည် ။

ယင်းကိုက်သည့် ဒဏ်ကို အပြင်းအထန် ခံစားနေရသည် မှာ မိမိတို့ တင်ပဲလားဆိုတော့ မဟုတ်သေးပါ။ ခေါင်မိုးမျက်နှာကြက်ပေါ်တွင် ရှိသော အိမ်မြှောင်များ လည်း ယင်းကိုက်နေကြသည် ကို တအံ့တသြ တွေ့ခဲ့ရသည် ။

တစ်ကောင်နှင့် တစ်ကောင် ကိုက်ကြသတ်ကြသည့် အသံများကို ကြားနေရခြင်းဖြစ်သည် ။ သို့သော် နောက်ရက်မှာ ပင် ဘိန်းငတ်သည့် ဒဏ်ဖြင့် တစ်ကောင်ပြီးတစ်ကောင် ပြုတ်ကျသေဆုံးကုန်ကြတော့သည် ။ ယင်းထသည့် ဒဏ်ကို အိမ်မြှောင်များ မခံနိုင်ကြ။

ဝင်းထွန်းမှာ လည်း အခြေအနေမကောင်းတော့။ မိမိတို့ မှာ လည်း ယင်းထနေသည့် ကြားက သူ့ကိုစောင့်ကြည့်နေရသေး၏။ စကားပင် သိပ်မပြောနိုင်တော့။ နေ့လား ညလား ဖြစ်နေလေပြီ။

''ကိုနိုင်၊--ပစ္စည်းနည်းနည်းလောက် မရှိတော့ဘူးလား''

''ပစ္စည်းနေနေသာသာ စားဖို့ တောင် မလောက်တော့ဘူးကွ။ တစ်

နေ့ကို မာမီးတစ်ထုပ်လောက်နဲ့ ဘယ်လိုလုပ်ဝမှာ လဲ''

''ကိုနိုင်-ပစ္စည်း နည်းနည်းလောက် ရှာပေးပါလား။ ကျွန်တော်မနေရတော့ပါဘူးဗျာ။ မသေခင် နည်းနည်းလောက်ဖြစ်ဖြစ်--''

ဝင်းထွန်းအသံက ပြောနေရင်းတိမ်ဝင်သွား၏။ မျက်ဝန်းအိမ်တစ်ခုလုံး မျက်ရည်ကြည်တို့ ဝေ့နေသည် ။

''အခု အပြင်မှာ အဖမ်းအဆီးတွေများ နေလို့ ငါတို့ တောင် အလုပ်ထုတ်ခံလိုက်ရပြီ။ ပိုက်ဆံကလည်း နည်းနည်းပဲရှိတော့တယ်။ အဲဒီပိုက်ဆံကုန်ရင် ဘယ်လိုစားရမှန်းတောင် မသိသေးဘူး''

ထိုစဉ် သိန်းဝင်းရောက် လာပြီး အားပေးနေပြန်၏။

''ဝင်းထွန်း၊ ငါ အိမ်ကို ပိုက်ဆံလှမ်းမှာ ထားတာ ရောက်ပြီ။ အခုနကဖုန်းဆက်တယ်။ ငါ ပိုက်ဆံသွားထုတ်ပြီးရင် ပစ္စည်းဝယ်ခဲ့မယ်ကြားလား''

ဝင်းထွန်း၏ အုံ့မှိုင်းနေသောမျက်နှာသည် ဝင်းခနဲ တစ်ချက်လက်သွားသည် ကို တွေ့လိုက်ရသည် ။ သို့သော် အမှန်အတိုင်းပြောရလျှင် ဝင်းထွန်းမျက်နှာကို ရဲရဲမကြည့်ရဲတော့။ အရိုးပေါ်မှာ အသားမရှိတော့။ သူ့မျက်နှာကို ကြည့်ရသည် မှာ အရိုးခေါင်းကို ကြည့်နေရသည် နှင့် တူ၏။

ထိုနေ့ မိုးချုပ်မှောင်သည် နှင့် ငွေလွှဲလက်ခံသော မြန်မာအေးဂျင့်ထံ ထွက်ခဲ့ကြသည် ။ သိန်းဝင်း၏ မိဘများက ရန်ကုန်မြို့မှာ နေထိုင်ပြီး ချမ်းသာသော ရွှေဆိုင်ပိုင်ရှင်သူဌေးများ ဖြစ်၏။ သိန်းဝင်း နိုင်ငံခြားသို့ထွက်လာစဉ်က မလေးရှားမဟုတ်။ စင်္ကာပူသို့ ထွက်ခဲ့ခြင်းဖြစ်သည် ။

စင်္ကာပူနိုင်ငံတွင် သုံးနှစ်နေထိုင်ပြီး ပါမစ်ပြည့်သောအခါ မြန်မာနိုင်

ငံသို့ပြန်မလာတော့ဘဲ (OVER STAY) သမားဘဝကို ခံယူလိုက်သည် ။ သည့် နောက်ပိုင်း စင်္ကာပူတွင် အဖမ်းအဆီးများ လာပြီး အနေရကြပ် လာသဖြင့် မလေးရှားနိုင်ငံဘက်သို့ ကူး လာပြီး နေထိုင်ခြင်းဖြစ်သည် ။ ထိုစဉ်က စင်္ကာပူနိုင်ငံတွင် ကြိမ်ဒဏ်ကလည်း ရှိနေသေးသဖြင့် စင်္ကာပူ တွင် မနေရဲတော့ခြင်းဖြစ်သည် ။ ထိုအချိန်တွင် ဘိန်းစွဲနေခဲ့လေပြီ။ မ လေးရှားတွင် ကြုံရာကျပန်း လုပ်ကိုင်နေရင်း ဘိန်းစားဘဝကို ပျော်ပျော်ကြီး ခံယူထားသူဖြစ်သည် ။ သူ့မိဘများက သူလိုသလောက် ငွေကို လှမ်းပို့ပေးနေသဖြင့် အလုပ်မရှိလည်း ပူစရာမရှိ။

သို့သော် သူ့မိဘများက သားဖြစ်သူအတွက် စိတ်ဆင်းရဲခြင်းကြီးစွာဖြင့် ပို့ပေးနေရခြင်းဖြစ်သည် ။ ပြန်ခေါ်တော့လ ည်း ပြန်မလာ။ မည်သည့် နေရာမှာ မည်သည့် အလုပ်တွေ လုပ်နေမှန်း လည်း မသိ။ သားဖြစ်သူပြောသမျှကို ယုံမှတ်ပြီး လိုသမျှငွေကို စိတ်ဆင်းရဲစွာဖြင့် ပို့ပေးနေရခြင်းဖြစ်သည် ။

ထို့ကြောင့် မိမိတို့ တိုက်ခန်းတွင် သိန်းဝင်းကို လူတိုင်းက အားကိုးကြရ၏။ ထိုနေ့ကငွေထုတ်ပြီးသည် နှင့် ဘိန်းနှင့် စားသောက်ဖွ ယ်ရာများ ဝယ်ခြမ်းပြီး ပျော်ရွှင်စွာ ပြန်လာခဲ့ကြသည် ။ ဘိန်းလည်း ဝ ယ်ပြီးပြီ။ အစားကောင်း အသောက်ကောင်းလေးများ လည်း ပါလာသဖြ င့် တစ်သက်လုံး စားမကုန်တော့မှာ လို အလိုလို တက်ကြွပျော်ရွှင်နေမိ သည် ။ ဝင်းထွန်းအတွက်လည်း ဝမ်းသာနေမိသည် ။

အစာမဝင်တာကြာနေပြီဖြစ်သဖြင့် သူခံတွင်းတွေ့စေရန် ဆိတ်သား ဝယ်လာခဲ့သည် ။ လမ်းကွေ့တစ်ခုအရောက်တွင် မလေးရဲနှစ်ယောက်န င့် ပက်ပင်းတိုးပါလေတော့သည် ။ မလေးရဲနှစ်ယောက်က မိမိတို့ နှစ် ယောက်ကို လမ်းကြားတစ်ခုအတွင်းသို့ ဆွဲခေါ်သွားပြီး တစ်ကိုယ်လုံးကို

ရှာတော့သည် ။ မိမိတို့ ဝယ်ယူလာခဲ့သော စားသောက်ဖွယ်ရာများ ၊ ဘိန်းများ ၊ သိန်းဝင်း၏ မိဘများ ပို့လိုက်သော မြန်မာငွေ သုံးသိန်းကျော် တန်ဖိုးရှိသည့် မလေးငွေများ ၊ အကုန်သိမ်းယူလိုက်သည် ။

ထမင်းဘူး ဟင်းဘူးများကအစ ဘာတစ်ခုမှ မချန်ဘဲ အကုန်သိမ်း ယူလိုက်ကြ၏။ ထောင်ကျမည်စိုးသဖြင့် မိမိတို့ ကို မဖမ်းပါရန် အချိန်အတော်ကြာ တောင်းပန်လိုက်ရသည် ။ မလေးရဲနှစ်ယောက်လည်း မိမိတို့ နှစ်ယောက်ကို ပြန်လွှတ်လိုက်ပြီး ရယ်မောပျော်ရွှင်စွာ ထွက်သွားကြတော့သည် ။

မိမိတို့ နှစ်ယောက်လည်း မျက်နှာငယ်လေးများ ဖြင့် တိုက်ခန်းသို့ အနိုင်နိုင်ပြန်ခဲ့ရသည် ။

အိမ်ပြန်အရောက် နေ့လားညလားဖြစ်နေသော ဝင်းထွန်းက အိပ်ရာပေါ်မှာ ထိုင်နေပြီး မိမိတို့ ကို ရွှင်လန်းသောမျက်နှာနှင့် ကြည့်နေသည် ကို စိတ်ထိခိုက်စွာ တွေ့လိုက်ရတော့သည် ။ သိန်းဝင်းက စိတ်မကောင်းစွာဖြင့် ရှင်းပြလိုက်ရတော့သည် ။

''အဲဒါပဲကွာ။ ငါတို့ တောင် အဖမ်းမခံရအောင် မနည်းတောင်းပန်ခဲ့ရတယ်''

''ဟာကွာ------''

ဝင်းထွန်းက စိတ်ဓာတ်အကြီးအကျယ်ကျသွားပြီး အိပ်ရာပေါ်ပြန်လှဲရင်း မျက်ရည်များ စီးကျလာတော့သည် ။

မိမိတို့ လည်း အိပ်ရာပေါ်ခွေခေါက်လှဲလိုက်ရင်း ဝမ်းနည်းနေမိကြတော့သည် ။ မိမိတို့ ဝယ်လာသော စားသောက်ဖွယ်ရာများ ၊ ဘိန်းများကို မြင်ယောင်နေမိတော့သည် ။ ဝမ်းဗိုက်ကလည်း မရှိတော့ပါဘူးဆိုမှ

ပိုဆာလောင်နေသလို ထင်လိုက်မိသည် ။

ထိုအခိုက် အခန်းပိုင်ရှင်ရောက် လာပြီး တိုက်ခန်းခ တောင်းသည် ။ တစ်ပူပေါ်နှစ်ပူဆင့် ဖြစ်ရပြန်လေပြီ။ မိမိတို့ ကလည်း စပေါ်ပေးထားသဖြင့် စပေါ်ထဲကနုတ်ယူရန် တောင်းပန်ရသည် ။

နောက်တစ်လသာ မိမိတို့ နေခွင့်ရတော့မည်ဖြစ်သည် ။ နောက်လကုန်၍ စပေါ်ထပ်မတင်နိုင်လျှင် ဆင်းပေးရတော့မည်ဖြစ်သည် ။

အခန်းပိုင်ရှင်သူဌေးကလည်း သဘောကောင်းသူဖြစ်၍ ပြောရမခက်လှပါ။ သူဌေးက မိမိနှင့် စကားပြောအပြီး ပြန်မည်လုပ်ပြီးခါမှ အရိုးပေါ်အရေတင်ဖြစ်၍ အိပ်ရာထဲ လဲနေသောဝင်းထွန်းကို သတိပြုမိသွား၏။

အနီးကပ်သွားကြည့်လိုက်၏။ အသေချာကြည့်နေပြီးမှ မိမိကိုပြသနာရှာတော့သည် ။

''ဒီကောင် အခြေအနေမကောင်းတော့ဘူးကွ။ မင်းတို့ ဒီကောင့်ကို အခန်းပြောင်းခိုင်းလိုက်တော့''

''မလုပ်ပါနဲ့ သူဌေးရာ။ ဒီကောင် နေမကောင်းဖြစ်နေလို့ ပါ။ သူသက်သာလာတော့ ပြောင်းခိုင်းပေးပါ့မယ်''

''သူသက်သာရင် ပြောင်းစရာမလိုဘူးကွ။ ခုဟာက အခြေအနေမကောင်းတော့ဘူး။ တကယ်လို့ ငါ့အိမ်မှာ သေရင်ဘယ်လိုလုပ်မလဲ။ မင်းစဉ်းစားကြည့်စမ်း။ ငါ ရဲနဲ့ ရှင်းရတော့မယ်။ မင်းတို့ ပါအကုန် ထောင်ကျကုန်မှာ နားလည်လား''

''ဟုတ်ပါတယ် ငါလည်း သိပါတယ်။ ဒါပေမဲ့ ခုဟာက သူ လမ်းတောင် ကောင်းကောင်း မလျှောက်နိုင်လို့ ပါ။ နည်းနည်းနေကောင်း

တော့မှ ပြောင်းခိုင်းလိုက်ပါ့မယ်''

''မရဘူး။ အခုချက်ချင်းပြောင်းခိုင်း။ ငါ ပြဿနာ အတက်မခံနိုင်ဘူး'
'

''ငါ သူ့ကို ဘယ်လိုလုပ်ပြောရမှာ လဲ သူဌေးရာ။ ငါ-သူ့ကို မပြောချင်ဘူးကွာ''

''ရတယ်။ မင်းမပြောချင်ရင် ငါပြောမယ်''

သူဌေးက ပြောပြောဆိုဆိုထသွားပြီး ဝင်းထွန်းကို အတင်းဆွဲထူနေတော့၏။

''ဟော့ကောင် ထ။ မင်းဒီမှာ နေလို့ မရဘူး''

ဝင်းထွန်းလည်း မိမိတို့ ပြောစကားများကို အတိုင်းသားကြားနေရသဖြင့် ငြင်း၍ ရမည်မဟုတ်မှန်း သိနှင့် ၏။ သူ လွယ်နေကျ လွယ်အိတ်လေးကို မိမိအားပစ်ပေးလိုက်ပြီး၊-

''ကိုနိုင်၊ တကယ်လို့ ကျွန်တော်သေရင် ဒါလေးကိုယူပြီး ခင်ဗျားမြန်မာနိုင်ငံပြန်တဲ့ အခါ ကျွန်တော့်မိသားစုကို ရှာပြီးပေးလိုက်ပါဗျာ''

ဝင်းထွန်းလည်း တုန်တုန်ချည့်ချည့်ဖြင့် အိမ်မှ ဆင်းပေးရတော့သည် ။ သူဌေးကလည်း တော်တော်နှင့် မပြန်တော့။ နောက်တစ်ခါ ပြန်တက်လာမည်ကို စိုးသဖြင့် တမင်စောင့်နေခြင်းဖြစ်သည် ။ အတော်ညဥ့်နက်မှ ပင် ပြန်သွားတော့သည် ။

ဝင်းထွန်းပေးထားခဲ့သော လွယ်အိတ်ကလေးကို လှန်လှောကြည့်နေမိသည် ။ လွယ်အိတ်ထဲတွင် မှတ်တမ်းစာအုပ် တစ်အုပ်သာတွေ့ရသည် ။ ထိုစာအုပ်ထဲတွင် ဓာတ်ပုံများကို ညှပ်ထားသဖြင့် ယူကြည့်လိုက်ရာ သူ့မိသားစုဓာတ်ပုံများကို တွေ့ရ၏။

သူ မကြာခဏထုတ်ကြည့်ပြီး မျက်ရည်ဖြိုင်ဖြိုင်ကျခဲ့ရသော သူ့မိသားစုဓာတ်ပုံများ ။ သူလည်း မိမိလိုပင် ဘိန်းစားဘဝမှ လွတ်မြောက်ချင်ပေလိမ့်မည်။ ဘိန်းကို သူ ဖြတ်ချင်ခဲ့ပေလိမ့်မည်။ သူ မြန်မာပြည်ကို ပြန်ချင်ရှာပေလိမ့်မည်။ သူ့မိသားစုကို သူ တွေ့ချင်ရှာပေလိမ့်မည်။ သို့သော် ဘိန်းကို သူ မလွန်ဆန်နိုင်တော့။ ဘိန်းရှိသည့် အရပ်က သူ မခွာနိုင်တော့။ သူပြန်မရောက်နိုင်တော့မှန်းသိသဖြင့် မိသားစုကို သတိရမိသည့် အခါတိုင်း တမ်းတမ်းတတ ငိုကြွေးနေတတ်သည် ။

ခုတော့ ဝင်းထွန်းတစ်ယောက် ဘယ်ရောက်လို့ ဘယ်ပေါက်နေမှန်းပင် မသိတော့။ မိမိတို့ ဆီ ပြန် လာလေမလားဟု မျှော်မိသေး၏။ ပေါ်မလာတော့ပါ။ သူ့ငွေးကလည်း စိတ်မချသဖြင့် မကြာခဏ လာကြည့်နေ၏။

တစ်နေ့တွင် မိမိတို့ တိုက်ခန်းအောက်ထပ်ရှိ မလေးလူမျိုးပိုင်စားသောက်ဆိုင်မှ အလုပ်သမားလိုသည် ဟု ပြောပြီးလာခေါ်သဖြင့် ဆင်းလိုက်သွားကြ၏။ မိမိအပါအဝင် သုံးယောက် အလုပ်ရသွား၏။ တိုက်ခန်းနှင့် လည်း နီးသဖြင့် အဆင်ပြေလှသည် ။

စားဖို့ သောက်ဖို့ လည်း မပူရသဖြင့် ဘိန်းဝယ်နိုင်၏။ ညနေအလုပ်သိမ်းသည် နှင့် ဘိန်းရောင်းသူကလည်း အဆင်သင့် လာရောင်းသဖြင့် အခြေအနေက စိုပြည်လာပြန်၏။

သိန်းဝင်း၏ မိဘများ ထံမှ နောက်ထပ် ငွေမှာ ထားသော်လည်း မရောက်သေးသဖြင့် သိန်းဝင်းလည်း မိမိနှင့် အတူ အလုပ်ဆင်းနေရ၏။ နှစ်ရက်ခန့်အကြာ မိမိတို့ ဆိုင်နှင့် မျက်စောင်းထိုးရှိ တရုတ်စားသောက်ဆိုင်တစ်ဆိုင်၏ ရှေ့၌ ရေတမာပင်ကိုမှီလျက် ဝင်းထွန်း ထိုင်လျက်သားနှင့် ပင် သေဆုံးနေသည် ကိုတွေ့ကြရ၏။ မလေးစည်ပင်နှင့် ရဲများ လာ

ရောက်နေစဉ် လူအုပ်ကြားထဲဝင်ရောၡ် သွားကြည့်မိရာမှ ဝင်းထွန်းမှန်း သိလိုက်ရခြင်းဖြစ်သည် ။

ခဏအကြာ အလောင်းကိုကားနှင့် သယ်ဆောင်သွားကြတော့၏။ ဝ င်းထွန်း မိမိတို့ ဆီ ပြန်လာခြင်းပေလား။ ရောက်ခါနီး လမ်းခုလပ်မှာ ပ င် သူသေဆုံးခဲ့လေရော့သလား။ မတွေးတတ်နိုင်တော့။

အိမ်ပြန်ရောက်သော် အားလုံးစိတ်မကောင်းနိုင်ကြ။ ဝင်းထွန်း၏ ကောင်းသတင်းများကို ထိုင်ပြောရင်း မျက်ရည်လည်နေမိကြသည် ။ တ စ်နေ့မိမိတို့ လည်း ဝင်းထွန်းနောက်လိုက်ရမည်ကို အလိုလိုသိနေကြ သော်လည်း မတွေးမိအောင် နေနေကြရ၏။

ဤသို့ဖြင့် ထိုဆိုင်တွင် လုပ်ကိုင်နေရင်း တစ်လခန့်ရှိသောအခါ မိမိ ဘဝအပြောင်းလဲကြီး ပြောင်းလဲမည့် နေ့သို့ ရောက်ရှိလာခဲ့တော့သည် ။ ထိုတစ်နေ့--

ထိုတစ်နေ့ကိုတော့ဖြင့် ဒီတစ်သက် ဘယ်သောအခါမှ မေ့နိုင်မည်မ ဟုတ်တော့ပါ။ အလုပ်ပိတ်ရက်ဖြစ်သဖြင့် လုပ်အားခငွေမရှိ။ ယခင်က ဘောက်ဆူးဖြင့်ပင် လုံလောက်သော်လည်း သည် ဆိုင်မှာ က (TIP MON EY) မရှိသဖြင့် ပိတ်ရက်များ တွင် စားဖို့ လည်း မရှိ၊ ဘိန်းရှူဖို့ လည်း မ ရှိ ဖြစ်တတ်သည် ။

တစ်နေ့တာလုပ်အားခကလည်း နေ့စဉ် ဘိန်းရှူပစ်နေကြရသဖြင့် အပိုအလျှံကလည်း မရှိ။ ထိုနေ့အတွက် ဒုက္ခရောက်နေကြသည် ။ အကြံ အိုက်နေကြစဉ် သိန်းဝင်း ပြောလိုက်သည့် စကားကြောင့် တွေခနဲဖြစ်သွားရသည် ။

''ကိုနိုင် ခင်ဗျားတို့ နဲ့ ရင်းနှီးတဲ့ အစ်မကြီးဆိုင်မှာ သွားပြောကြည့်ပါ လား။ ကျွန်တော့်ငွေလွှဲရောက်တော့ ဆပ်ပေးမယ်။ အကြွေးပြောကြည့်

ပါလား။ ကျွန်တော်တော့ မလိုက်ချင်ဘူး''

''အေး၊ ငါတို့ ဘိန်းစားဖြစ်တာ သူတို့ လင်မယားလုပ်တာကွ။ ဒါကြောင့် စိတ်နာလို့ သူ့ဆိုင်မသွားတာ တော်တော်ကြာပြီ။ ငါးဆယ်ဖိုး လောက်ကတော့ ပြောရင်ရနိုင်ပါတယ်ကွာ။ ဒါပေမဲ့ အဖမ်းအဆီးကများ နေတော့ ငါမသွားရဲဘူး''

''သတိတော့ ထားရမှာ ပေ့ါဗျာ။ ဘယ်လောက်ဖိုးရရ ယူလာခဲ့။ ကျွန်တော့် ငွေလွှဲရောက်တော့ အားလုံးပြန်ဆပ်ပေးမယ်''

''အေး ဒါဆိုရင်လည်း ငါ သွားကြည့်ဦးမယ်ကွာ''

မိမိလည်း စကားဆုံးသည် နှင့် ထွက်လာခဲ့တော့သည် ။ ဤမျှ အဖမ်းအဆီးများ နေချိန်မှာ ပင် မကြောက်မရွံ့ ထွက်လာသော မိမိကို ယ်မိမိပင် အံ့ဩနေမိသေး၏။ ခန္ဓာကိုယ်ကဘိန်းကို အငမ်းမရ တောင်း ဆိုနေချိန်ဖြစ်သဖြင့် ဘာကိုမှ ကြောက်ရကောင်းမှန်း မသိတော့။ မျက်စိ ထဲမှာ အအေးပိုက်တံကလေးဖြင့် ထည့်ထားသော ဘိန်းမှုန့်ကလေးများ ကိုသာ မြင်နေမိတော့သည် ။

ယခင်အချိန်တုန်းကတော့ဖြင့် မိမိတို့ နှင့် သွေးသားရင်းချာတမျှ ခင် မင်ရင်းနှီးခဲ့သူတွေမို့ ဘိန်းမရမှာ မပူရ။ ရဖို့ ကတော့ သေချာ၏။ သို့ သော် မလေးရဲများ နှင့် မတွေ့အောင်တော့ သတိကြီးစွာထားရပေမည်။ ဘတ်စ်ကားပေါ်မှ ဆင်းလိုက်ကတည်းက၊ ဘေးဘီကို ကျီးကန်းတောင်း မှောက်ကြည့်ရင်း ခပ်မြန်မြန်ပင် လျှောက်လာခဲ့သည် ။ ဆိုင်ထဲရောက်မှ ပင် တဒိန်းဒိန်း ခုန်သောရင်က သက်သာရာရတော့၏။

ဆိုင်ထဲသို့ အေးဆေးစွာပင် လှမ်းဝင်ခဲ့သည် ။ တစ်ဆိုင်လုံးနေရာလွ တ်မရှိအောင် လူကျနေ၏။ ကောင်တာကို လှမ်းကြည့်လိုက်၏။ မမကြီး မရှိ။ မိမိမမြင်ဖူးသော လူတစ်ယောက် ကောင်တာထိုင်နေသည် ။ မီးဖို

ချောင်ဘက်သို့ ငဲ့စောင်းကြည့်လိုက်မိချိန်တွင် မမကြီးကို အလုပ်သမားနှင့် အတူ တွေ့လိုက်ရသဖြင့် မီးဖိုခန်းထဲ လှမ်းဝင်ခဲ့တော့သည် ။

''ဘာကိစ္စလဲ''

အလုပ်သမားတစ်ယောက်၏ ခပ်ထန်ထန်မေးလိုက်သံကို ပြန်မဖြေမနေတော့ဘဲ မမကြီးဆီသို့ တန်းသွားလိုက်၏။

''မမကြီး''

အစ်မကြီးက အလုပ်လုပ်နေရာမှ လှည့်ကြည့်လိုက်ပြီး၊-

''အေး ဘာကိစ္စလဲ ပြောလေ''

''ကျွန်တော်ပါ။ ကိုနိုင်ပါ မမကြီး''

''အေး ငါသိတယ် ပြော ဘာကိစ္စလဲ''

မမကြီး၏ လေသံက မာထန်နေသဖြင့် ဘာပြောရမှန်းမသိအောင် ဖြစ်သွားမိသည် ။ တစ်ချိန်တုန်းကတော့ မောင်လေးခေါ်သံက နှုတ်ဖျားမှ မချ။ တစ်ဆိုင်လုံး မိမိတို့ ၏ စားအိမ်သောက်အိမ်လိုနေခဲ့ရသည် ။ ခုတော့ဖြင့် မတူသလို မတန်သလို ဆက်ဆံနေခြင်းကြောင့် အခံရခက်လှသည် ။

''ဟို၊ ပစ္စည်းနည်းနည်းလိုချင်လို့ ပါ မမကြီး''

''ဘယ်လောက်ဖိုးလဲ။ ငါအကြွေးမရောင်းဘူးနော်''

လူပုံစံက ပေစုတ်စုတ်နှင့် မို့ အထင်သေးစွာဖြင့် လှမ်းပြော ပြောလိုက်ခြင်း ဖြစ်၏။

''ကျွန်တော့်မှာ ပိုက်ဆံနှစ်ဆယ်ပဲပါတယ်။ လိုချင်တာက တစ်ရာဖိုးလိုချင်တာ။ တစ်ရက်နှစ်ရက်နေတော့ လာပေးပါ့မယ်''

''ငါပြောတာ ရှင်းရှင်းလေး။ အကြွေးမရောင်းဘူး။ နှစ်ဆယ်ပါရင် နှစ်ဆယ်ဖိုးယူသွား။ စောစောစီးစီး အာရုံနှောက်အောင်လာမလုပ်နဲ့ ''

''မမကြီးကလည်း ဗျာ။ အရင်တုန်းက တကယ့်မောင်နှမအရင်းလို နေခဲ့ကြတာပါ။ ဒီလောက်လေးတောင် မယုံဘူးလားဗျာ''

''ငါဒီမှာ စီးပွားလာရှာနေတာ။ ဆွေမျိုးလာစပ်နေတာ မဟုတ်ဘူး ။ ယူမှာ လား မယူဘူးလား ဒါပဲပြော။ မယူရင် ပြန်တော့''

''ဟာ ခင်ဗျားက တင်းလှချည်လားဗျ။ ကျုပ်တို့ ကောင်းကောင်း မွန်မွန်နေတုန်းက ဘိန်းစားဖြစ်အောင် ခင်ဗျားတို့ ပဲလုပ်ခဲ့တာလေ။ ခင်ဗျားကြောင့် ကျုပ်တို့ ဘိန်းစားဘဝကို ရောက်ခဲ့တာလေ။ ခင်ဗျား မေ့နေပြီလား''

''နင် အပိုတွေလာပြောမနေနဲ့ ။ ဟောဒီမှာ နှစ်ဆယ်ဖိုး ယူမှာ လား မယူဘူးလား ဒါပဲပြော''

အသံက ဆူဆူညံညံဖြစ်လာသဖြင့် အစ်မကြီး၏ ခင်ပွန်း ရောက်လာ၏။

''ဘာဖြစ်နေကြတာလဲကွ။ ဟေ့ ညီလေး ဘာဖြစ်တာလဲ''

''ကျွန်တော်တို့ က အရင်ဒီမှာ စားအိမ်သောက်အိမ်လိုနေခဲ့ကြတာ အစ်ကိုကြီးလည်း သိပါတယ်။ အခု ပိုက်ဆံ နှစ်ဆယ်ပဲပါတယ်။ တစ်ရာဖိုးလောက် လိုချင်တာ။ တစ်ရက် နှစ်ရက်နေ လာပေးမှာ ပါ။ အဲဒါကို မမကြီးက အဖက်မတန်သလိုဆက်ဆံပြီး မောင်းထုတ်နေလို့ ''

''ကဲ ဒါဆို ဒီလိုလုပ်ကွာ။ မင်းကို ငါးဆယ်ဖိုးပေးလိုက်မယ်။ လာပြန်ဆပ်စရာလည်း မလိုဘူး။ ကြားလား။ ဟေ့ကောင်တွေ ငါးဆယ်ဖိုးပေးလိုက်''

သူ့တပည့်များက ဘုကြည့်ကြည့်ရင်း ငါးဆယ်ဖိုး လာပေး၏။ မိမိလည်း နှစ်ဆယ်တန်ကို ပစ်ပေးလိုက်ပြီး လှည့်ထွက်ခဲ့တော့သည် ။ လင်ယောကျ်ားလုပ်သူက ပြဿနာမတက်အောင် ဖျန်ဖြေပေးလိုက်ခြင်းဖြစ်သည် ။

မိမိလည်း ဘိန်းထည့်သည့် ပိုက်တံလေးကိုယူပြီး ဆင်းလာခဲ့တော့သည် ။ ထိုအခိုက် ယောကျ်ားဖြစ်သူပြောလိုက်သည့် စကားသံကိုကြားလိုက်ရစဉ် စိတ်ဆင်းရဲလွန်းလှသဖြင့် မျက်ရည်ပင်စို့သွားရတော့၏။

''ဒီလို ကလေကချေ လမ်းဘေးကကောင်မျိုးနဲ့ မင်း ပြဿနာဖြစ်ချင်လို့ လား ဟင်'' ထိုစကားသံတို့ က နားထဲကို သံရေပူလောင်းထည့်သလို စီးဝင်လာ၏။ ကိုယ့်ကိုယ်ကိုယ် ယူကျုံးမရဖြစ်ပြီး စိတ်ဆင်းရဲလွန်းလှစွာ ထိုင်ချလိုက်ရ၏။ ဝမ်းနည်းလွန်းလှသဖြင့် မငိုရပါဘဲ မျက်ရည်များက ပိုးပိုးပေါက်ပေါက် လိမ့်ဆင်းလာတော့သည် ။

အပြန်တစ်လမ်းလုံး အခဲမကြေနိုင်အောင် ဖြစ်နေရသည် ။ မိမိ၏ ဘဝသည် ဘိန်းနှင့် တွေ့ခါမှ သိက္ခာတို့ လွင့်စဉ်ကုန်၏။ ကိုယ်ချင်းစာတရားတို့ ပျက်ကုန်၏။ ကောင်းသတင်းတို့ ပျက်ကုန်၏။ သို့သော် မိမိတို့လိုချင်သောဘိန်းကို ရခဲ့ပြီမို့ အိမ်ပြန်ခြေလှမ်းများက သွက်လက်လို့ နေ၏။

သိန်းဝင်းကလည်း တိုက်ခန်းရှေ့မှ လှမ်းကြည့်ရင်း စောင့်နေသည်ကို တွေ့လိုက်ရသည် ။ ထိုအခိုက်အတန့်မှာ ပင် မိမိဘဝကို တစ်ဆစ်ချိုးပြောင်းလဲသွားစေမည့် အဖြစ်အပျက်တို့ သည် ဖြစ်ပေါ်လာကြတော့၏။

သိန်းဝင်းကလည်း တိုက်ခန်းရှေ့ဝရန်တာမှ လှမ်းကြည့်နေခိုက် မိမိကလည်း ပစ္စည်းပါလာကြောင်း အချက်ပြလိုက်ပြီး တိုက်ခန်းပေါ်တက်ရန် ပထမလှေကားထစ်ကို ခြေချလိုက်ချိန်မှာ ပင် မိမိတို့ တိုက်ခန်းနှင့်

မျက်စောင်းထိုးတိုက်ခန်းမှ မြန်မာလူငယ်လေးများက ကားအကောင်းစားတစ်စီးပေါ်တက်ရန် ပြင်နေကြသည့် အသံများကို ကြားလိုက်ရ၏။ တိုက်ခန်းပေါ် ဆက်မတက်သေးဘဲ ပြန်လှည့်၍ လှမ်းကြည့်နေမိသည် ။

ထိုလူငယ်လေးများက ဆပ်ပြာစက်ရုံမှ လူငယ်လေးများ ဖြစ်၏။ သူတို့ က ပတ်စ်ပို့အမှန်အကန်နှင့် လာသူများ ဖြစ်ကြပြီး အရက်မသောက်၊ ဖဲမရိုက်၊ ဘိန်းမရှူဘဲ လူတော်လူကောင်းလေးများ ဖြစ်၏။

ခုတော့နှစ်လည်း စေ့ပြီ။ ထိုက်သင့်သည့် ငွေကြေးများ ပို့နိုင်ခဲ့ကြပြီ။ သူတို့ ၏ ရည်ရွယ်ချက်များ လည်း တစ်စိတ်တစ်ဒေသ ပြည့်စုံခဲ့ကြပြီဖြစ်၍ အိမ်ပြန်လှကြပေတော့သည် ။ သူတို့ မိသားစုနှင့် တွေ့ရပေတော့မည်။ ပျော်စရာကောင်းလိုက်မည့် ဖြစ်ခြင်း။

ဝတ်ကောင်းစားလှများ ဖြင့် ပျော်ရွှင်စွာ ကားပေါ်တက်နေကြသည် ။ ကိုယ့်ဘဝကိုပြန်တွေးရင်း အားငယ်စိတ်များက အလိုလိုဝင်ရောက်လာတော့သည် ။ မိမိလည်း သူတို့လို ပြန်ချင်လှပါဘိ။ သူတို့လို ငွေကြေးများ စွာ ပို့ချင်လှပါဘိ။ မိသားစုနှင့် လည်း တွေ့ချင်လှပါဘိ။ ခုတော့ မိမိတို့ က ဘိန်းစားဘဝ။ အစစအရာရာ အောက်တန်း နောက်တန်း ကျနေရသည့် ဘဝ။ ကိုယ့်ဘဝကိုပြန်တွေးရင်း မျက်ရည်ကြည်များ ဝေ့တက်လာသည် ။

ထိုစဉ် ကားပေါ်တက်ခါနီး လူငယ်တစ်ယောက်က မိမိကို အထင်မြင်သေးစွာ စက်ဆုပ်သည့် အကြည့်များ ဖြင့် ကြည့်နေသည် ကို တွေ့လိုက်ရ၏။ မိမိလည်း သူ့ကို အားကျသောမျက်လုံးများ ဖြင့် ပြန်ကြည့်နေမိသည် ။ မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျလာသည် ကိုပင် မသုတ်မိတော့။

ထိုလူငယ်က မိမိကို ခေါင်းတခါခါဖြင့် အထင်သေးစွာကြည့်ရင်း

ကားပေါ်တက်သွားတော့သည် ။ ထိုအခိုက်မှာ ပင် တစ်ခါမှ မဖြစ်ပေါ်ဖူး သော ခံစားချက်တို့ သည် ဖြစ်ပေါ်ခံစားလိုက်ရတော့သည် ။

သူတို့လို အိမ်ပြန်လှသည့် ဘဝမျိုး လိုချင်လာမိသည် ။ မိသားစုကိုလ ည်း တွေ့လိုလှပြီ။ အစစအရာရာ အောက်တန်းကျသည့် ဘဝမျိုးကလ ည်း ရုန်းထွက်လိုလှပြီ။ ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင် ချလိုက် တော့သည် ။

''ငါ ဒီဘိန်းစားဘဝကို ဘယ်တော့မှ ပြန်မရောက်စေရတော့ဘူး''

''သူတို့ တောင် လုပ်နိုင်သေးရင် ငါဘာဖြစ်လို့ မလုပ်နိုင်ရမှာ လဲ။ သူ တို့ မှာ ရှိတဲ့ အရည်အချင်းက ငါ့ထက် ဘာမှ ပိုမသာဘူး။ ငါလုပ်နိုင်တ ယ်။ ငါလည်း လုပ်ရင်ဖြစ်တယ်''

နားထဲမှာ လည်း မိမိအပြောခံလိုက်ရသည့် စကားသံတို့ ကို ပဲ့တင် ထပ်မျှ ကြားယောင်လာပြန်၏။

''ကလေကချေ လမ်းဘေးကကောင်မျိုး''

''ကလေကချေ လမ်းဘေးကကောင်မျိုး''

''ကလေကချေ လမ်းဘေးကကောင်မျိုး''

'' မဟုတ်ဘူး ငါ ကလေကချေကောင်မျိုး မဟုတ်ဘူး ။

ငါ ဘိန်းမရှူတော့ဘူး။ ငါဟာ ကလေကချေ မဟုတ်ဘူး ။ လမ်းဘေး ကကောင် မဟုတ်ဘူး ။ ငါဟာ မိကောင်းဖခင် သားသမီး''

''ငါ ဘိန်းစား မဟုတ်ဘူး ။ ငါ မလုပ်တော့ဘူး။ ငါ ဘိန်းမရှူတော့ ဘူး''

ပြောပြောဆိုဆိုနှင့် မိမိဝယ်လာသော ဘိန်းထည့်ထားသည့် ပိုက်တံ

ကလေးအား ပါးစပ်ဖြင့် ကိုက်ဖောက်လိုက်ပြီး မြေကြီးပေါ် ခါချလိုက်တော့သည် ။ မိမိအားလှမ်းကြည့်နေသော သိန်းဝင်းက အခြေအနေကို သဘောပေါက်လိုက်ပြီး တိုက်ခန်းပေါ်မှ ပြေးဆင်းလာနေ၏။

သူမိမိအနားရောက်ချိန်တွင် ဘိန်းမှုန့်အနည်းငယ်သာရှိတော့သည် ။ မိမိထံမှ အတင်းဆွဲလုပြီး မြေကြီးပေါ်မှ ဘိန်းမှုန့်ကလေးများကို စက္ကူစလေးဖြင့် ရသလောက် သဲ့ယူနေသေး၏။ မိမိလည်း တိုက်ခန်းပေါ် ပြေးတက်ခဲ့တော့သည် ။ သိန်းဝင်းက မိမိအနားလာထိုင်ပြီး--

''ကိုနိုင် ဘိန်းဖြတ်ချင်နေပြီလား''

''အေး ဟုတ်တယ်။ ငါဘိန်းဖြတ်ချင်တယ်။ အလုပ်ကောင်းကောင်းလုပ် ငွေစုပြီး ငါအိမ်ပြန်ချင်တယ်။ ငါ ဒီဘိန်းကို ပြတ်အောင်ဖြတ်မယ်''

''ကောင်းတယ် ဒါဆိုရင် ကိုနိုင့်ကို ကျွန်တော်ကူညီမယ်။ အခုနက ငွေလွှဲရောက်ပြီလို့ ဖုန်းဆက်တယ်။ ခင်ဗျားသာ ဘိန်းတကယ်ဖြတ်ချင်ရင် ကျွန်တော်ဝမ်းသာတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ဘိန်းဖြတ်ချင်နေတာပဲ။ ဒါပေမဲ့ ခင်ဗျားလို စိတ်မထက်သန်သေးဘူး။ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကူညီမယ်''

''ငါလုပ်ရင်ဖြစ်မယ်လို့ ငါသိထားတယ်။ ငါလုပ်နိုင်တယ်လို့ လည်း ယုံကြည်ထားတယ်။ မင်းတတ်နိုင်သလောက် ငါ့ကို ကူညီပါသိန်းဝင်းရာ''

''စိတ်ချဗျာ။ ကျွန်တော်က ကိုယ်တိုင်သာ ဘိန်းမဖြတ်နိုင်သေးတာ။ တကယ်ဖြတ်ချင်တဲ့ လူ ဆိုရင်တော့ တကယ်အားပေးတယ်။ ဒါပေမဲ့ ခံနိုင်ရည်ရှိဖို့ တော့လိုမယ်နော့်။ ကဲ - ရော့ဗျာ ကျွန်တော့်မှာ ငါးကျပ်ရှိသေးတယ်။ ထမင်းသွားဝယ်။ ထမင်းအရင်စားထားလိုက်။ အစာစားထားမှ ခံနိုင်မှာ ''

မိမိလည်း ချက်ချင်းပင် ထမင်းဆင်းဝယ်လိုက်၏။ မိမိကြိုက်နှစ်သက်သော ဆိတ်သားဟင်းနှင့် တဝတပြ စားထားလိုက်သည် ။ ဘိန်းကမကြာမီ နှိပ်စက်ပေတော့မည်။ ယင်းကိုက်သည့် ဒဏ်ကို သေလုအောင်ခံရပေတော့မည်။

'' ကဲ အဆင်သင့်ပဲပေါ့ လာစမ်း''

ဘိန်းကို ချဲလင်းခေါ်ထားလိုက်၏။ အိပ်ခန်းထဲဝင်ပြီး စာဖတ်နေလိုက်၏။ စာကိုစိတ်ကမရောက်။ သိန်းဝင်းဆီသို့သာ စိတ်က ရောက်ရောက်နေ၏။ လက်ကျန်ဘိန်းများက သူ့မှာ ရှိနေသည် ဟု မသိစိတ်က သတိပေးနေ၏။

ခဏအကြာ အိမ်မြှောင်စုပ်ထိုးသံကိုကြားလိုက်ရ၏။ သိနေသည် ။ သိန်းဝင်း ဘိန်းရှူရန်ထိုင်လိုက်သည် နှင့် အိမ်မြှောင်ကလေးများ လည်း ခေါင်မိုးမျက်နှာကြက်ပေါ်မှာ စုဝေးနေပေတော့မည်။ အိမ်မြှောင်လေးများကိုပင် အားကျချင်လာမိသည် ။

ထိုအတွေးဝင် လာပြီး မကြာမီ အိပ်နေရင်းမှ ဇောချွေးပြန်လာ၏။ ချွေးသီးချွေးပေါက်များ ဒလဟောကျလာနေ၏။ ချွေးများကို သုတ်ပစ်လိုက်သည် ။ ဘာမှ မဖြစ်။ စာဖတ်ရင်း အာရုံပြောင်းလိုက်သည် ။ စာထဲကို စိတ်ကမရောက်။ တဖြည်းဖြည်း ဘိန်းရှူချင်စိတ်ကဝင်လာနေပြီကို သတိရှိရှိဖြင့် စောင့်ကြည့်နေမိ၏။ ယခင်က မွှေ့လျော်ဖွယ်ကောင်းသော မိမိအခန်းသည် တိတ်ဆိတ်ခြောက်ကပ်စွာ မုန်းစရာကောင်းလှသည် ။

ခဏအကြာ တဝါးဝါးသမ်း လာပြီး အကြောတွေတက်လာ၏။ ထိုင်နေလို့ လည်း မရ။ ထနေလို့ လည်း မဖြစ် အနေရခက်လှသည် ။

ပုရွက်ဆိတ်များ တက်လာသလို တစ်ကိုယ်လုံး

တဖျင်းဖျင်းဖြစ်လာပြန်သည် ။ သိနေသည် ။ သတိရှိနေသည် ။ လုပ်လိုက်စမ်း။ ဘယ်လောက်ထိအောင် လုပ်နိုင်မလဲ။

အသိရောသတိပါ ရှိနေရင်းမှ ပင် အကြောတွေ တက်လာလိုက်သည် မ ၂၁ ပြတ်ထွက်ကုန်ပြီလား ထင်ရသည် ။ ထိုဒဏ်ချက်က အပြင်းထန်ဆုံးဖြစ်သည် ။

တစ်ကိုယ်လုံးရှိ အကြောအခြင်များက ဆောင့်ဆောင့်ရုန်းနေကြသည် ။ ခေါင်းက အဆမတန် ကိုက်ခဲလာပြန်၏။ ခေါင်းကိုတူနှင့် ထုသလို တဒိန်ဒိန်းနှင့် ကျယ်လောင်စွာ နားထဲမှာ ကြားနေရသည် ။ သိသည် ။ သတိမလွတ်သေး။ သည် ဒဏ်တွေကိုခံနိုင်မှ ဘိန်းစားဘဝက လွတ်မည်ကိုလည်း သိနေသည် ။ လုပ်လိုက်စမ်း။ ခေါင်းကိုလက်နှင့် ဖျစ်ညှစ်ကိုင်ထားရသည် ။

တစ်ကိုယ်လုံးမီးလောင်နေသလို ပူလောင်လာ၏။ ရှိသမျှအဝတ်အစားများ အကုန်ဆွဲချွတ်ပစ်လိုက်ပြီး သမံတလင်းပေါ် လှဲချလိုက်ရသည် ။ သမံတလင်း၏ အအေးဓာတ်ဖြင့် ကျောနှင့် ရင်ကို တစ်လှည့်စီ လူးလိမ့်ကပ်ပေးနေရ၏။

မီးတောက်မီးလျှံများက တဟု န်းဟု န်းလောင်ကျွမ်းနေသလို ပူလောင်လွန်းလှ၏။ '' မင်းခံနိုင်ပါတယ်'' ကိုယ့်ကိုယ်ကိုယ် သတိပေးနေရ၏။ သတိတစ်ချက်ကလေးမှ မလွတ်သေး။ အပူဒဏ်ကို လှိမ့်ခံနေရသည် ။ ဆံပင်များကိုပင် မကြာခဏ စမ်းကြည့်မိသည် ။ မီးတွေ လောင်ကုန်ပြီလားဟု ပင် ထင်နေမိ၏။

သမံတလင်းပေါ်လှိမ့်နေရင်း အချိန်အတော်ကြာသွား၏။ အကြောအချဉ်တွေတက်လာပြန်၏။ အပူရှိန်နည်းနည်း လျော့သွားသလို ခံစားလိုက်ရသဖြင့် ဝမ်းသာသွားမိသည် ။

ခဏအကြာ ကိုယ်ပူနေရာမှ ရုတ်တရက် ကိုယ်ပူကျသွားပြီး အအေးဓာတ်က ဝင်လာပြန်သည် ။ အင်္ကျီများကို ပြန်ကောက်ဝတ်ထားလိုက်၏ ။ အအေးဓာတ်က ငှက်ဖျားတက်သလို ချမ်းလာခြင်းဖြစ်သည် ။ ခိုက်ခိုက်တုန်အောင် ချမ်းနေပါသော်လည်း ခြုံစရာစောင်မရှိသဖြင့် ပုဆိုးဟောင်းတစ်ထည်ကိုသာ ခြုံထားရသည် ။ ကိုယ်ပူချိန်က ပြန်တက်လာပြန်သည် ။

မိမိအဖျားဝင် လာပြီဟု သေချာသိနေ၏။ အဖျားဝင်လာသည် နှင့် ခေါင်းချွေးငါးတန်ပုံလာ၏။ ချွေးသီးချွေးပေါက်များက ရေညှစ်သလို ညှစ်ချရသည် ။ ဖျားနေရင်းမှ တစ်ချက်တစ်ချက် သတိလစ်သလို ဖြစ်ဖြစ်သွားသဖြင့် မနည်းသတိထားနေရသည် ။ အဖျားတက်နေရင်းမှ အိပ်ပျော်သွားသလို မေ့ခနဲတစ်ချက်ဖြစ်သွား၏။ ပြန်နိုးလာချိန်မှာ မှောင်စပြုနေပြီဖြစ်သည် ။

ဘိန်းရှူချင်သည့် စိတ်က တားမရအောင်ဖြစ်လာပြန်သည် ။ ဘိန်းသာတစ်ချက်လောက် ရှူလိုက်ရရင် သည် ဝေဒနာများ အလိုလိုသက်သာသွားမည်ဟု စိတ်ကအလိုလိုသိနေ၏။ ထို့ကြောင့် သိန်းဝင်းထံမှ တစ်ရှူလောက် တောင်းသောက်ပြီးမှ ဘိန်းပြန်ဖြတ်မည်ဟု စိတ်အကြံဖြစ်လာသည် နှင့် တံခါးကို ဆွဲဖွင့်ပြီး အပြင်သို့ထွက်လိုက်၏။

''ကိုနိုင် ဘာလုပ်မလို့ လဲ''

''ငါ တစ်ရှူလောက်ချချင်လို့ ကွာ မခံနိုင်တော့ဘူး''

''ဟာ ခင်ဗျားကလည်း မရှိတော့ဘူးလေဗျာ။ ခင်ဗျားပဲ မြေကြီးပေါ် သွန်ချပစ်တာ၊ ကျုပ်တို့ တောင် မသောက်လို့ တောင်မရောက် မြောက်မရောက် ဖြစ်နေပြီ''

မိမိ ဘိန်းမှုန့်များအား မြေကြီးပေါ်ခါချပစ်သည် ကို အမှတ်ရလိုက်သ

ည် နှင့် ဝမ်းသာအားရ တိုက်ခန်းအောက်သို့ ဒရောသောပါး ပြေးဆင်းခဲ့တော့သည် ။ မိမိခါချပစ်ခဲ့သော နေရာအရောက် မြေကြီးများကို လက်ဖြင့်အသာအယာယူ၍ ဘိန်းမှုန့်များကို ရှာနေမိသည် ။ အပြင်မှ ပြန်လာကြသော မြန်မာလူငယ်များ ၊ အင်ဒိုနီးရှားလူငယ်များက မြေကြီးကို ရွှေပုံကြီးအလား ထင်မှတ်၍ ဝမ်းသာအားရ ကတုန်ကယင် ကြည့်နေသောမိမိကို ကြည့်ပြီး-

"ဒီကောင် ကြောင်သွားပြီပဲကွ"

သူတို့ ပြောသံတွေကို ဂရုမစိုက်အား။ သည် မြေကြီးထဲမှ ဘိန်းမှုန့်ကလေးများကို မည်သို့ထုတ်ယူရလျှင် ကောင်းမည်နည်းဟု စဉ်းစားနေမိသည် ။ ဖြစ်နိုင်ပါလျှင် ဘာမှ သန့်စင်မနေဘဲ ထိုမြေကြီးများကို သည် အတိုင်း ပါးစပ်ထဲ ပစ်ထည့်လိုက်ရင် ကောင်းမလားဟု စဉ်းစားနေခိုက် သိန်းဝင်း ရောက် လာပြီး၊-

"ကိုနိုင် လာစမ်းပါဗျာ၊ အဲဒီထဲမှာ ဘာမှ မရှိတော့ဘူး"

သိန်းဝင်းက အတင်းဆွဲခေါ်သွားသဖြင့်သာ ပြန်တက်ခဲ့ရသည် ။ ထိုမြေကြီးများကို ပါးစပ်ထဲ ထည့်လိုက်လျှင် ကောင်းသွားမည်ဟု စိတ်က အလိုလိုယုံကြည်နေသဖြင့် နှမြောနေမိသည် ။ တိုက်ခန်းပေါ်ပြန်အရောက် အိပ်ခန်းထဲသို့ဝင်လိုက်သည် နှင့် သိန်းဝင်းက အပြင်ကနေ လော့ချလိုက်သံကို ကြားလိုက်ရ၏။

ကိုက်ခဲသည့် ဒဏ်ကလည်း မခံမရပ်နိုင်အောင် ဖြစ်လာပြန်သည် ။ အိပ်ရာထက်တွင် လူလိမ့်ရင်းနှင့် ပင် တဖြည်းဖြည်း ညဉ့်နက်လာတော့၏။ မေးခနဲဖြစ်သွားခိုက် ခေါင်းကို တူနှင့် ထုနေသည့် အသံကြီးက ကျယ်လောင်စွာ တဒိန်ဒိန်း မြည်လာပြန်သည် ။

ထိုအခိုက်မှာ ပင် အခန်းထောင့်တစ်နေရာတွင် နီရဲသော မျက်လုံးအ

စုံကို တွေ့လိုက်ရသည် ။ ထိုမျက်လုံးများ သည် တစ်စစ များ လာပြီး မိမိ အနားသို့ တိုးလာနေကြ၏။ သရဲခြောက်ခြင်းလား။ မဖြစ်နိုင်။ သည် အခန်းသည် မိမိတို့ နေလာခဲ့သည် မှာ ကာလအတန်ကြာခဲ့ပြီ။

ကြည့်နေရင်းမှာ ပင် မိမိအနီး၌ တီးတိုးစကားပြောသံများကို ကြားလာရပြန်သည် ။ မည်သည့် စကားကို ပြောနေသည် ဟု သဲကွဲစွာမကြားရသော်လည်း မကောင်းသည့် စကားသံများ ဖြစ်သည် ကိုတော့ စိတ်က အလိုလိုသိနေ၏။

လူတစ်ယောက်ကိုသတ်ရန် တိုင်ပင်နေကြခြင်း ဖြစ်၏။ ထိုအသိကို သိလိုက်သည် နှင့် ခေါင်းနပန်းကြီးသွားမိသည် ။ သူတို့ အဖွဲ့ မိမိကိုသတ်ရန် တိုင်ပင်နေကြခြင်း ဖြစ်၏။ ကြောက်ကြောက်လန့်လန့်ဖြင့် လဲလျောင်းနေရာက ခေါင်းထောင်ကြည့်လိုက်မိသည် ။

''ဘုရား ဘုရား သူတို့ မိမိထံ လာနေကြပါပကောလား''

အိပ်မက်မဟုတ်။ တီးတိုးစကားပြောနေသူများ မိမိအနားသို့ တဖြည်းဖြည်း တိုးလာနေကြ၏။ ကြောက်လွန်းလှသဖြင့် အသံပင်မထွက်ရဲ။ သည် အတိုင်းနေ၍ မဖြစ်တော့။

သည် အခန်းထဲမှ ထွက်ပြေးမှ ဖြစ်တော့မည်ဟု ဆုံးဖြတ်လိုက်ပြီး လှဲနေရာမှ ကုန်းရုန်းထလိုက်စဉ် ထိုလူများကလည်း မိမိအနားသို့ရောက်လာသဖြင့် အသေအချာကြည့်လိုက်ရာ ဆံပင်များ ထောင်ထ လာပြီး လိပ်ပြာလွင့်မတတ် ထိတ်လန့်တကြား အော်လိုက်မိတော့သည် ။ မိမိကိုယ် မိမိသည်းခြေ ပျက်သွားပြီလားဟု ပင် ထင်လိုက်မိတော့သည် ။

''အား လုပ်ကြပါဦး။ လုပ်ကြပါဦးဗျ။ ကျွန်တော့်ကို သတ်ကြတော့မယ်။ လုပ်ကြပါဦးဗျ''

အသံနက်ကြီးဖြင့် အော်လိုက်ပြီး ထပြေးလိုက်တော့သည် ။ ဤမျှ ဆူညံစွာ အော်ဟစ်နေပါသော်လည်း အခန်းအပြင်ဘက်မှ ဘာသံမှ မကြားရ။ အခန်းအတွင်း မှောင်မည်းနေသဖြင့် ဘယ်ကိုပြေးရမှန်းလည်း မသိ။ ကြောက်အားလန့်အားနှင့် ပြေးထွက်လိုက်ရာ အုတ်နံရံကို ဒုန်းခနဲ အရှိန်ပြင်းစွာဖြင့် ဝင်တိုက်လိုက်မိသည် ကိုသာ သိလိုက်ပြီး ကမ္ဘာမြေကြီး အိုးထိန်းစက်လို ချာချာလည်သွားတော့၏။ တစ်လောကလုံး မှောင်အတိကျ သွားတော့သည် ။

*

''ကိုနိုင်၊ ကိုနိုင် ထ ထ''

သိန်းဝင်း၏ ခေါ်သံကို ဟိုးအဝေးကြီးက ကြားနေရသလို ကြားလိုက်ရသည် ။ တဖြည်းဖြည်းနီးလာလိုက် ဝေးသွားလိုက်နှင့် ကြားနေရ၏။ သိန်းဝင်းက မိမိမျက်နှာပေါ်သို့ ရေစက်များ ဖြန်းလိုက်မှ ပင် ကောင်းစွာ သတိရလာတော့သည် ။

''ကိုနိုင် ဘယ်လိုနေသေးလဲ''

စကားပြန်မပြောနိုင်၊ အတော်ကြာ မှိန်းနေရသေး၏။ အတန်ကြာမှ -

''မင်းတို့ ညက ဘယ်သွားနေတာလဲ''

အားကုန်အားပြတ်ဖြစ်နေသဖြင့် စကားကိုပင် မနည်းအားယူပြောနေရ၏။ လူတစ်ကိုယ်လုံးကို ကိုင်ရိုက်ထားသလို နာကျင်နေ၏။ ထိုအခိုက်မှာ ပင်''ငါမသေတော့ဘူး'' ဆိုသည့် အသိဝင်လာသဖြင့် ဝမ်းသာလိုက်ပုံများ ပြောမပြတတ်တော့ပါ။

သည် လို ဝမ်းသာသည့် အရသာမျိုး တစ်ခါမျှ မခံစားဖူးခဲ့ပါ။ ထိုအချိ

န်မှာ ပင် အသက်ရှင်နေရခြင်း၏ တန်ဖိုးကိုလည်း နားလည်လိုက်မိတော့သည် ။ ထိုအချိန် ထိပေါက်သည် ဆိုလျှင်ပင် သည် မျှ ဝမ်းသာမည်မဟုတ်။

''ဘယ်မှ မသွားပါဘူး။ ရှိပါတယ် ခင်ဗျားအော်နေသံတွေကိုလည်းကြားပါတယ်။ ဒါပေမဲ့ ဒါတွေက ဘိန်းဖြတ်တဲ့ လူတွေမှာ ဖြစ်တတ်ပါတယ်။ ဘာမှ မထူးဆန်းပါဘူးဗျာ''

''ထူးဆန်းတယ်ကွ၊ ဒီလောက်ထူးဆန်းတာမျိုး တစ်ခါမှ မကြုံဖူးဘူး''

''ဘာလဲ သူရဲအခြောက်ခံရတာလား၊ ဒါမှ မဟုတ် လူတွေက ခင်ဗျားကို လာသတ်နေကြတာလား''

''ဟင်၊ မင်း ငါခံစားနေရတာတွေကို ဘယ်လိုလုပ်သိတာလဲ'

''သိလို့ မဟုတ်ဘူး ဗျ။ ခင်ဗျားလိုပဲ ဘိန်းဖြတ်တဲ့ လူတွေ အကုန် ဒါမျိုးတွေ ကြုံရတတ်တာဗျ။ တကယ်တော့ နေ့တိုင်းဘိန်းရှူနေတဲ့ ဒီခန္ဓာကိုယ်က ဘိန်းမရှူရတော့ စိတ်တွေ ကယောင်ချောက်ချားဖြစ်ပြီး ထင်မိထင်ရာ၊ မြင်မိမြင်ရာတွေ မြင်တာပါဗျာ။ တကယ်တော့ ဘာမှ မဟုတ်ပါဘူး''

''ဒါဆို ငါ ညကဖြစ်ခဲ့တာတွေဟာ တကယ် မဟုတ်ဘူး ။ စိတ်ကထင်နေတာပေါ့ ဟုတ်လား။ တော်ပါသေးရဲ့ ကွာ''

''ကဲ ထ ထ ရေမိုးချိုး။ ထရော ထနိုင်ရဲ့ လား''

''အေး ထနိုင်ပါတယ်''

''အဲဒါ အစားကို ဂရုစိုက်ပြီး စားထားလို့ ဗျ။ အစာမဝင်တဲ့ ကောင်တွေ အကြောထဲသွင်းနေတဲ့ ကောင်တွေဆို ဒီထက်ဆိုးတယ်။ ထိန်းမနိုင်

သိမ်းမနိုင် ဖြစ်ကုန်တာ၊ တချို့ဆို ကြောင်ကုန်တယ် ရူးကုန်တယ်။ ခင်ဗျားက အဲဒီလောက်မဆိုးသေးတော့ ဒီလောက်ပဲခံရတာ။ နောက်ရက်တွေလည်း ခင်ဗျား လုပ်နိုင်မှာ ပါ''

''ငါ တစ်ရက်တော့ အောင်မြင်သွားပြီပေါ့နော်''

''ဒါပေါ့ဗျ၊ ဂုဏ်ယူပါတယ်ဗျာ''

''အဲဒါ မင်းကျေးဇူးတွေပါကွာ''

မိမိဝမ်းသာလွန်းလှသဖြင့် သိန်းဝင်းကိုဖက်ပြီး ငိုချလိုက်မိတော့သည် အထိ။

''သိပ်လည်း ဝမ်းမသာနဲ့ ဦးဗျ၊ ဒါမျိုးတွေကလာဦးမှာ ။ ခင်ဗျားက အစားအသောက်ကို ဂရုတစိုက်စားလို့ ဒီလောက်ခံနိုင်တာ။ ဒါပေမဲ့ ဒီလောက်ထိခံနိုင်ပြီးမှ တော့ ကျန်တာတွေကိုလည်း ခင်ဗျား ခံနိုင်မှာ ပါ''

ရေမိုးချိုးပြီးသည် နှင့် လူက အတော်ပင် လန်းဆန်းသွား၏။ သည်လိုလန်းလန်းဆန်းဆန်းနှင့် မနေရသည် မှာ ကြာခဲ့ပြီမို့ နေရထိုင်ရ အတော်ကောင်း၏။ ခဏအကြာ သိန်းဝင်းက ဆိတ်သားဟင်းနှင့် ထမင်းဝယ် လာပြီး ကျွေးသဖြင့် အားပါးတရ စားနေလိုက်၏။ စားကောင်းလိုက်သည့် ဖြစ်ခြင်း။

''ကိုနိုင်၊ ဘိန်းချချင်နေသေးလား''

''အေး-- အဲဒီစိတ်ကတော့ ဘယ်ပျောက်မလဲ။ ဘိန်းပဲ ချချင်နေတာ''

''အဲဒါဆို ထမင်းစားပြီးရင် ခင်ဗျား အလုပ်တစ်ခုခု လုပ်နေပေါ့ဗျာ''

''ဘာလုပ်ရမှာ လဲ''

''တစ်ခုခုပေါ့ဗျာ၊ ဥပမာ ခင်ဗျားအခန်းက ညစ်ပတ်နေတယ်။ သန့်ရှ

င်းရေးလုပ်ပြီးရင် စာလေးဘာလေးဖတ်နေ။ ယင်းထတာက မပြီးသေး ဘူး လာအုံးမှာ ''

သိန်းဝင်းက အဝတ်အစားအသစ်တစ်စုံ ပေးသဖြင့် လဲဝတ်ထားလို က်၏။ စားသောက်ပြီးသည် နှင့် တစ်ခါမျှ မလုပ်ဖူးခဲ့သော မိမိအခန်းကို သန့်ရှင်းရေးလုပ်နေလိုက်သည် ။

အခန်းကလည်း သန့်ရှင်း၊ အိပ်ရာကလည်း သန့်ရှင်း၊ လူကလည်း သန့်ရှင်းနေသဖြင့် စိတ်အစဉ်ကလည်း ကြည်လင်လန်းဆန်းနေ၏။ နေ ရထိုင်ရ အလွန်ကောင်း၏။

သည် လိုနှင့် ညနေစောင်းခဲ့ပြန်လေပြီ။ ဘိန်းရှူချင်စိတ်က တားမရ အောင် ဖြစ်လာပြန်သည် ။ တစ်ခါတစ်ရံမှ သာ ဖြစ်လာခြင်းမဟုတ်၊ အမြဲတစေ ဘိန်းကို သတိရနေခြင်း ဖြစ်၏။

အဖျားသွေးကလည်း ရှိနေသေးဖြင့် ကိုယ်ပူလာလိုက် အေးလာလို က်ဖြင့် ခန္ဓာကိုယ်က မိမိကို သွေးတိုးစမ်းနေ၏။ ထိုစဉ် ရတ်တရက် အိမ် မြှောင်စုတ်ထိုးသံများ ကြားလိုက်ရပြန်သည် ။ ထိုအသံကိုကြားရလေတို င်း လူကမရိုးမရွ ဖြစ်လာတတ်သည် ။ ဘိန်းရှူနေကျ အချိန်ရောက်ပြီကို အလိုလိုသိလိုက်၏။

သိန်းဝင်းတို့ ဘိန်းဝိုင်း စထိုင်နေပြီဆိုသည် ကိုလည်း အလိုလိုသိလို က်ပြန်သည် ။ ဘိန်းချချင်စိတ်က တားမနိုင် ဆီးမရ ဖြစ်နေဆဲ။ ဘိန်းမှုန့် များ ခါချထားသော မြေကြီးများကို မျက်လုံးထဲကမထွက်။ သို့နှင့် ပင် တ စ်ညလုံး ယခင်နေ့ကအတိုင်း ဒုက္ခများ စွာ ရင်ဆိုင်ပြီး ငိုလိုက်ရယ်လိုက် နှင့် ကိုယ့်ကိုယ်ကိုယ် ထိန်းမရအောင် ဖြစ်နေပြန်သည် ။ သို့သော် ဘိန်းဖြတ်နေသည် ဆိုသည့် အသိစိတ်က ပျောက်မသွား။

အားနည်းလာသဖြင့် သတိက တစ်ချက်တစ်ချက် လွတ်လွတ်သွား၏

။ တစ်ညလုံး အရူးတစ်ယောက်လို ဘိန်းကို အာသာငမ်းငမ်းဖြင့် တောင်းတနေမိတော့၏။

မိုးလင်းခါနီးမှ သတိလွတ်ပြီး အိပ်ပျော်သလိုဖြစ်သွား၏။ နောက်တစ်နေ့မနက် သတိပြန်ရလာချိန်တွင် အဖျားကလည်း သိပ်မရှိတော့။ သိန်းဝင်း အခန်းထဲသို့ ဝင်လာစဉ် အမည်မသိ လူငယ်တစ်ယောက်ကိုပါ တွေ့လိုက်ရ၏။

''ကိုနိုင် သက်သာရဲ့ လား''

''အေး အဖျားတော့ နည်းနည်းကျသွားတယ်။ တစ်ညလုံးခံလိုက်ရတာကွာ။ ဒါပေမဲ့ ငါ ခံနိုင်တယ်။ ခံနိုင်ရည်ရှိနေတယ်။ လူကတော့ သိပ်မလှုပ်ချင်ဘူး။ အခြေအနေတော့ တော်တော်ကောင်းပါတယ်။ သတိကတော့ လုံးဝလွတ်မသွားဘူး။ ငါ အရမ်းဝမ်းသာနေတယ်ကွာ။ အဲဒါမင်းကျေးဇူးကွ''

''အမှန်ကတော့ ခင်ဗျား စာပေရဲ့ ကျေးဇူးဗျ''

''ဘာ စာပေရဲ့ ကျေးဇူး ဟုတ်လား။ ဘာစာပေလဲ''

''ကျွန်တော်က ခင်ဗျားမှတ်စုစာအုပ်ထဲက ခင်ဗျားရေးထားတဲ့ ဝတ္ထုတိုလေးတွေကို တအားကြိုက်တာဗျ။ ပြီးတော့ ခင်ဗျားကိုလည်း အောင်မြင်တဲ့ စာရေးဆရာတစ်ယောက် ဖြစ်စေချင်တယ်။ ဒီလိုလူမျိုးကို ဘိန်းစားမဖြစ်စေချင်ဘူး။ ဒါကြောင့် ခင်ဗျားကိုကူညီဖို့ ကျုပ်ဆုံးဖြတ်လိုက်တာ''

''အေးကွာ ဘယ်လိုပဲဖြစ်ဖြစ် မင်းကျေးဇူးတွေပါပဲ။ ဒါနဲ့ သူက ဘယ်သူလဲ''

''သူက ကျွန်တော့်သူငယ်ချင်း။ စားအုန်းဆီစက်ရုံမှာ လုပ်တယ်။ သူ

တို့ ကျွန်တော့်ဆီကို ခဏလာလည်ကြတာ။ သူတို့ ပြန်ရင် ကိုနိုင်လိုက်သွား။ ဒီမှာ မနေနဲ့ တော့။ ဒီမှာ နေရင် ကျွန်တော်တို့ က ဘိန်းရှူနေတော့ ခင်ဗျားစိတ်က ပြတ်မှာ မဟုတ်ဘူး ''

''အေး ဟုတ်တယ်။ ငါလည်း အဲဒါပြောမလို့ ဘဲ။ ညနေ မင်းတို့ ဘိန်းချလို့ အိမ်မြှောင်အသံတွေကြားရင် ငါ ပိုခံစားရတယ်၊ ဒီအသံတွေမကြားရရင်၊ ပိုကောင်းမှာ ''

''အဲဒါဆို သူတို့ နဲ့ လိုက်သွား။ သူတို့ က စက်ရုံဝန်ထမ်း မဟုတ်ဘူး ။ ဆီအုန်းခြံထဲက ဆီအုန်းခိုင်တွေကို သူတို့ က ပုတ်ပြတ်ခူးပေးရတာ။ ကိုယ်ပိုင်အလုပ်ဆိုတော့ ခင်ဗျားအတွက် ပိုအဆင်ပြေတယ်''

အောင်လင်းဆိုသော ကောင်လေးကလည်း မိမိကို ဝင်၍ အားပေးနေ၏။

''စိတ်ချပါကိုကြီး။ လောလောဆယ်တော့ နားနားနေနေပဲလုပ်ပါ။ ကျန်းမာရေးပဲ ဂရုစိုက်။ ပြီးတော့ ကျွန်တော်တို့ အဖွဲ့မှာ ဘိန်းသမားတစ်ယောက်မှ မရှိဘူး''

ထိုနေ့ညမှာ ပင် ဆီအုန်းအဖွဲ့နှင့် လိုက်ပါသွားခဲ့တော့သည် ။

ဆီအုန်းခိုင်ကြီးများက လက်တစ်ဖက်စာမက ကြီးမားလှသည် ။ လုပ်ငန်းရှင်များက ထိုဆီအုန်းခြံအတွင်းရှိ ဆီအုန်းခိုင်များကိုခူးရန် ကန်ထရိုက်၏ အကူအညီဖြင့် အလုပ်သမားရှာရ၏။ ပင်ပန်းလွန်းလှသဖြင့် မည်သူမျှ မလုပ်ချင်ကြ။ ဆီအုန်းခြံအတွက်ဆိုလျှင် အလုပ်သမားအလွန်ရှား၏။

ဆီအုန်းခြံအတွင်း မြွေများကလည်း အလွန်ပေါသဖြင့် မလုပ်ချင်ကြခြင်းဖြစ်သည် ။ ထိုခြံအတွင်းမှာ ပင် မြွေကိုက်၍ သေရ

သော မြန်မာများ ရှိ၏။ သို့သော် တရားမဝင်နေထိုင်သူများ ဖြစ်၍ မည်သည့် လျော်ကြေးမှ မရ။ ရအောင်ကူညီပြောဆိုပေးမည့် သူလည်း မရှိသဖြင့် မြေကိုက်သေလျှင် လက်စဖျောက်လိုက်ကြသည် ကများ ၏။

အောင်လင်းတို့ အဖွဲ့ကလည်း မိမိကို ညှာ၏။ နားနားနေနေသာလုပ်ခိုင်းပြီး ဂရုစိုက်ကြ၏။ ဘိန်းနှင့် ဝေးသွားသဖြင့် ဘိန်းချချင်စိတ်က အတော်ပါးသွား၏။ သည် လိုတောတောင်ထဲတွင် ဘိန်းရနိုင်စရာ အကြောင်းမရှိ။

သို့ဖြစ်၍ လည်း ဘိန်းကို လက်လျှော့၍ တမ်းတစိတ်က တဖြည်းဖြည်း ပါးလာတော့သည် ။

အလုပ်အချိန်မှန်ဆင်း၊ အစားအချိန်မှန်စား၊ လေကောင်းလေသန့်လည်း ရသဖြင့် ကျန်းမာရေးက ကောင်းလာ၏။ တစ်လကျော်ကြာလာသောအခါ သူတို့ နှင့် တန်းတူ လုပ်လာနိုင်သည် အထိ ကျန်းမာလာခဲ့သည် ။ ဘိန်းမသုံးတော့သည် မှာ လည်း တစ်လကျော် ကြာလာသဖြင့် ပြတ်သလို ဖြစ်လာခဲ့ပြီ။ မျှော်လင့်ချက် ရောင်ခြည်သမ်းလာခဲ့ပြီ။

သို့သော် ဘိန်းရှူချင်သည့် စိတ်က လုံးဝပျောက်မသွား။ စိတ်ကတော့ ရှိနေသေးသည် ။ သို့သော် ဘိန်းဖြတ်နေသည် ဟူသောစိတ်ဖြင့် သတိက အမြဲရှိနေသည် ။ ငါးလကျော်ကြာလာသည့် အချိန် အလုပ်ကလည်း ပြီးသလောက်နီးပါး ဖြစ်နေပြီ။

ကြားပွဲစား ကန်ထရိုက်ကလည်း မိမိတို့ အတွက် စားစရိတ်လောက်သာ ထုတ်ပေးထားသဖြင့် လုပ်အားခက မြိုးမြိုးမြက်မြက် ရမည်ဖြစ်၍ ကန်ထရိုက်ကိုသာ မျှော်နေကြရ၏။

အလုပ်သိမ်းခါနီး သုံးရက်အလိုမှာ ကန်ထရိုက်ရောက်လာ၏။ မိမိတို့ ၏ လုပ်အားခငွေကို တစ်ဝက်လာပေးသွား၏။ ကျန်ငွေကို အလုပ်သိ

မ်းသည့် နေ့တွင် အကျေပေးချေမည်ဖြစ်သည် ။

ထို့ကြောင့် ခပ်မြန်မြန်ပင် အလုပ်ကို လက်စသတ်လိုက်ကြ၏။ ပြီးသည် နှင့် အပ်စရာရှိတာအပ်ပြီး အလုပ်ရှင်သူဌေးထံ ထွက်ခဲ့ကြသည် ။

ထိုအချိန်မှ စ၍ ကန်ထရိုက်လည်း ရောက်မလာတော့။ သူဌေးကလည်း ကန်ထရိုက်ကို ငွေများ အကုန်ရှင်းပေးလိုက်ပြီးဖြစ်၍ သူနှင့် မဆိုင်တော့ကြောင်း ကန်ထရိုက်နှင့် သာရှင်းရန် ပြောဆိုပြီး ပြန်သွားတော့သည် ။

နောက်ထပ်နှစ်ရက် သုံးရက်ထပ်စောင့်ပါသော်လည်း ကန်ထရိုက်မှာ ပေါ်မလာတော့။ မိမိတို့ ၏ လုပ်အားခ တစ်ဝက်ကို လိမ်သွားလေပြီ။ ကန်ထရိုက်က မြန်မာလူမျိုးစစ်စစ် ဖြစ်၏။ မြန်မာလူမျိုးအချင်းချင်းကိုပင် လုပ်ရက်လှသည် ။ မိမိတို့ သေကောင်ပေါင်းလဲ လုပ်ထားသည့် ငွေကလေးကို ခေါင်းပုံဖြတ်ရက်သည့် ထိုမြန်မာကိုအံ့ဩနေမိ၏။

မိမိတို့ လည်း မဖြစ်စလောက်ငွေလေးဖြင့် ပြန်လာခဲ့ကြ၏။ စိတ်ဓာတ်များ လည်း ကျနေကြလေပြီ။ သို့သော် မိမိကတော့ စိတ်ဓာတ်မကျ။ ဘိန်းကို ငါးလကျော်မသုံးဘဲနေနိုင်သဖြင့် ဝမ်းသာနေ၏။ ထိုမှ တစ်ဆင့် ကွာလာလမ်ပူသို့ ပြန်ရောက်ခဲ့သည် ။ အဖမ်းအဆီးကလည်း သိပ်မရှိတော့သဖြင့် စားသောက်ဆိုင်တစ်ဆိုင်တွင် အလုပ်ရ၏။

ထိုဆိုင်တွင် မိမိထက်အသက်ကြီးသော မော်လမြိုင်သားကိုကောင်းမြတ်နှင့် အလုပ်အတူတူဝင်ရ၏။ ကိုကောင်းမြတ်နှင့် အတူ ဘိန်းသမားများ သုံးယောက်ခန့်ပါသော်လည်း ကိုကောင်းမြတ်က လှည့်၍ ပင်မကြည့်။

အလွန်အနေအေးသူဖြစ်ပြီး ဆေးလိပ်မသောက်၊ ကွမ်းမစား၊ အရက်

မသောက်၊ ရိုးရိုးအေးအေး နေတတ်သူဖြစ်သည် ။ အချိန်ရလျှင် စာဖတ်ခြင်း မိသားစုထံသို့ စာရေးခြင်းစသဖြင့်သာ အချိန်ကုန်တတ်သူဖြစ်သည် ။

မိမိတို့ နှစ်ယောက် အတူရှိနေချိန်များ တွင် စာပေအကြောင်းပြောရင်း အချိန်ကုန်ကြသည် ကများ ၏။ မိမိကလည်း ကိုကောင်းမြတ်ကို အဖော်လုပ်နေရသဖြင့် ဘိန်းဝိုင်းနားသို့မသွား။

မိမိအနားမှာ ဘိန်းဝိုင်းရှိနေတာကိုပင် ဘိန်းမသုံးစွဲမိအောင် နေနိုင်ခဲ့လေပြီ။ ထိုစာမေးပွဲကို အောင်မြင်စွာ ဖြေဆိုနိုင်ခဲ့လေပြီ။

မိမိ စွဲလမ်းခဲ့ရသောဘိန်းသည် မိမိနှင့် လက်တစ်ကမ်းတွင် ရှိနေသော်လည်း မှုလောက်စရာမရှိတော့။ လွတ်ရာ ကျွတ်ရာ ရောက်နေသလိုပင် စိတ်ကထင်၏။ ထိုအချိန်မှာ ပင် မိမိကိုယ်မိမိ ယုံကြည်စိတ်က အပြည့်အဝ ရရှိ လိုက်လေပြီ။ မိမိဘဝတစ်ခုလုံးကို ပူလောင်ခြင်းကြီးစွာ လောင်ကျွမ်းခဲ့သော မီးတောက်မီးလျှံများကို အောင်မြင်စွာ ဖြတ်ကျော်နိုင်ခဲ့လေပြီ။ ဘိန်းစားမဟုတ်တော့။ မိမိ၏ ရုပ်အသွင်ကပင် အထူးကြည်လင်နေခဲ့ပြီ။ ဘိန်းကြောင့် ဖြစ်သော ဒုက္ခပေါင်းများ စွာကို အဆုံးသတ်နိုင်ခဲ့ပြီဖြစ်သည် ။

တစ်သွေးတစ်မွေးဖြစ်လာသော မိမိကို အကြောင်းသိသူ လူတိုင်းက အားကျကြ၏။ ချီးကျူးထောပနာပြုကြ၏။ လေးစားခြင်းကိုခံရ၏။ ကိုကောင်းမြတ်ကပင် မိမိကို-

''ကိုနိုင် ဘိန်းဖြတ်နိုင်ခဲ့တာကိုတော့ ကျွန်တော် တကယ်ချီးကျူးတယ်ဗျာ။ ဆေးရုံဆေးခန်းလည်း မတက်၊ ဒီအတိုင်း ဖြတ်နိုင်တာကိုက ခင်ဗျားစိတ်ဓာတ်ခိုင်မာလို့ ဗျ။ အဲဒါမှ တကယ့်ယောက်ျားကောင်းဗျ''

အမှန်အတိုင်းပြောရလျှင် ကိုကောင်းမြတ်လိုလူနှင့် တွေ့ရ၍ သာ ဘိ

န်းကို ပြန်မသုံးခြင်းဖြစ်သည် ။ အကယ်၍ သာ ကိုကောင်းမြတ်ဘိန်းသုံး ပါက မိမိလည်း ပြန်သုံးမိမှာ မုချဖြစ်သည် ။ အပေါင်းအသင်းနှင့် ပတ်ဝန်းကျင်ကလည်း အလွန်အရေးပါလှ၏။

သည့် နောက်ပိုင်းတော့ ကိုကောင်းမြတ်နှင့် အတူ စာဖတ်ခြင်း စာအကြောင်း ပေအကြောင်း ပြောခြင်း၊ ဝတ္ထုတိုများ ရေးသားခြင်းတို့ ဖြင့်သာ အချိန်တို့ ကို ကုန်လွန်စေခဲ့တော့သည် ။

မိမိသည် လူသားတစ်ဦးဖြစ်သည် ။ မိမိမလုပ်နိုင်သောအရာ ဘာမျှမရှိပါတကား။

မည်မျှ မြင့်မားသော တောင်ကြီးဖြစ်ပါစေ လူသားတို့ ခြေဖဝါးအောက်ကို ရောက်ရမြဲ။

မည်မျှကြီးမားသော ဆင်ကောင်ကြီးဖြစ်ပါစေ။ လူသားတို့ အမိန့်ပေးခိုင်းစေသမျှ လုပ်ကြရမြဲ။ အလွန်ကြမ်းတမ်း ရက်စက်သော တောဘုရင်များ ဖြစ်သည့် ကျားများ ၊ ခြင်္သေ့များကိုပင် အခိုင်းအစေဖြစ်အောင် လုပ်နိုင်ကြသည် ။

မိုင်ပေါင်းများ စွာ ဝေးကွာသော လကမ္ဘာသည် ပင် လူသားတို့ ၏ ခြေဖဝါးအောက်ကို ရောက်ခဲ့ရပြီ။ လူသားတို့ သည် ဤမျှပင် အင်အားစွမ်းပကား ကြီးမားကြသည် ။ ဘိန်းဖြတ်သည့် အမှုကိစ္စလေးသည် ဘာမှ မပြောပလောက်ပါတကား။

(မူးယစ်ဆေးစွဲနေသူလူငယ်များ ဖြတ်ဖို့ ကြိုးစားကြည့်ကြစမ်းပါ။ လွတ်မြောက်ခြင်း၏ အရသာကို ခံစားကြည့်ကြစမ်းပါ။ အရာရာကို မိမိလုပ်နိုင်သည် ဟု ယုံကြည်လိုက်ကြစမ်းပါဟု တိုက်တွန်းရင်း---)

မေတ္တာဖြင့်

# အနှစ်ချုပ်

## သားတို့ သမီးတို့

ဒီဝတ္ထုလေးကို ဖတ်ပြီးသွားတဲ့ အခါမှာ သားတို့ သမီးတို့ ရဲ့ ရင်ထဲမှာ ''ခံပြင်းခြင်း၊ နာကြည်းခြင်း၊ ဒေါသထွက်ခြင်း၊ အားမလိုအားမရဖြစ်ခြင်း၊ စိုးရိမ်ခြင်း၊ ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်း၊ ကျေနပ်နှစ်သက်ခြင်း'' စသဖြင့် ရသမျိုးစုံကို တစ်မျိုးပြီးတစ်မျိုး ခံစားလိုက်ကြရပေလိမ့်မယ်။

ပြီးတော့ နောက်တစ်ပုဒ်ကိုဖတ်ဖို့ စလိုက်တာနဲ့ ဒီဝတ္ထုထဲက အကြောင်းအရာတွေဟာ သားတို့ သမီးတို့ ရဲ့ ခေါင်းထဲမှာ ဇာတ်ကြောင်းကို မှတ်မိတယ်ဆိုရုံလေးပဲ ကျန်နေခဲ့လိမ့်မယ်။

အဲဒီလိုပဲ နောက်တစ်ပုဒ်ကိုပြောင်းလိုက်ပြီဆိုတာနဲ့ ရှေ့ကအကြောင်းအရာတွေကို တဖြည်းဖြည်းဝေဝါးသွားပြီး မှတ်မိတယ်ဆိုရုံလေးပဲ မှတ်မိတော့မယ်။

ဒါ ဆိုရင်တော့ အချိန်တွေအကုန်ခံပြီး ဖတ်လိုက်ရတဲ့ အကျိုးက မဆိုစလောက်လေးဘဲ ကျန်တော့မယ်။ ဒီလိုတော့ အဖြစ်မခံနိုင်ဘူး။

ပဲစေ့ ပဲဆန်တွေပြုတ်ပြီးစားတဲ့ အခါ ဆိမ့်ပြီး သိပ်အရသာရှိတာ နော်။ ဒါပေမဲ့ ဆုံနဲ့ ကြိတ်ပြီး ညှစ်ထုတ်လိုက်တဲ့ အခါ တန်ဖိုးရှိတဲ့ ဆီတွေရလာသလိုပေါ့။ သိမ်းဆည်းရတာလည်း လွယ်သွားသလို အလွယ်တကူလည်း ထုတ်သုံးလို့ ရတဲ့ အဆင့် ဖြစ်သွားတယ်။ အဖိုးလည်း တန်သွားတာပေါ့။

အဲဒီလိုပဲ ဒီဝတ္ထုလေးကိုဖတ်ပြီးတာနဲ့ အနှစ်ချုပ်ကို တစ်ခါတည်းမှတ်ထားလိုက်ရင် သားတို့ သမီးတို့ အတွက် တန်ဖိုးရှိတဲ့ သင်ခန်းစာတွေကို ရရှိလာလိမ့်မယ်။ အနှစ်ချုပ်ဆိုတော့ မှတ်သားရလွယ်သလို အလွယ်တကူလည်း မှတ်မိနိုင်တာမို့ ဝတ္ထုလေးရဲ့ အနှစ်ချုပ်လေးကို အဆင်သင့် ရေးပေးထားတယ်။

(၁) မူးယစ်ဆေးအစ ဆေးလိပ်က ဆိုတဲ့ အတိုင်း ဆေးလိပ်သောက်တဲ့ လူဟာ မူးယစ်ဆေးသမားဖြစ်ဖို့ သိပ်လွယ်တယ်ဆိုတာ မှတ်သားထားကြရမယ်။

(၂) ဆေးသမားတစ်ယောက်ဖြစ်သွားပြီဆိုတာနဲ့ သူဟာ ကိုယ်ချင်းစာတရားတွေ စဉ်းစားဆင်ခြင်နိုင်တဲ့ အသိတရားတွေ ကွယ်ပျောက်သွားပြီ။ နောက်ဆုံး လမ်းဘေးမှာ ခွေးသေဝက်သေ သေကြရတယ်။

(၃) အပေါင်းအသင်းနဲ့ ပတ်ဝန်းကျင်ဟာ လူတစ်ဦးရဲ့ ဘဝကို ကောင်းအောင်ပြုပြင်နိုင်သလို ဆိုးအောင်လည်း ဖန်တီးနိုင်တယ်။ အဲဒီလောကကို ပြောင်းလဲသွားစေနိုင်တဲ့ အတွက် သားတို့ သမီးတို့ ဟာ အပေါင်းအသင်းနဲ့ ပတ်ဝန်းကျင်ကို အထူးသတိထားရမယ်။

(၄) ဘိန်းစားတွေနဲ့ အမှတ်မထင် တစ်အိမ်တည်းနေမိလို့ ဘိန်းစားဖြစ်သွားရတဲ့ အိမ်မြှောင်လေးတွေဟာ အသက်ဆုံးရှုံးသွားရတယ်။ မူးယစ်ဆေးဝါးဆိုတဲ့ အရာဟာ သူ့ပတ်ဝန်းကျင်မှာ ရှိတဲ့ သက်ရှိမှန်သမျှ အကုန်လုံးကို ဒုက္ခပေးနိုင်တယ်ဆိုတာ သတိရှိရှိနဲ့ သိထားဖို့ လိုတယ်။

(၅) ဆေးစွဲသွားတဲ့ လူကို ဘယ်လိုလူမျိုးကမှ မလေးစားနိုင်တော့ဘူး။ အဲဒီလူကို လူလိုအရာသွင်းပြီး ဘယ်သူကမှ မဆက်ဆံတော့ဘူး။

လူတကာရဲ့ အထင်မြင်သေး စက်ဆုပ်တဲ့ အကြည့်တွေနဲ့ အကြည့်ခံရမယ်ဆိုတာ သိထားရမယ်။

(၆) အောင်မြင်ချင်တဲ့ လူဟာ အောင်မြင်နေတဲ့ လူတွေ အနားမှာ နေမှ အောင်မြင်နိုင်တယ်ဆိုတဲ့ စကားဟာ အပေါင်းအသင်းနဲ့ ပတ်ဝန်းကျင်ကိုပြောတာ။ ဒါကြောင့် အပေါင်းအသင်းနဲ့ ပတ်ဝန်းကျင်ဟာ သားတို့ သမီးတို့ ဘဝအတွက် သိပ်အရေးကြီးတယ်ဆိုတာ အနှစ်ချုပ် သိထားရမယ်။

(၇) လူတွေဟာ အင်မတန်စွမ်းအားကြီးတဲ့ သတ္တဝါဆိုတာ သိခဲ့ကြပြီးပြီ။ အဲဒီစွမ်းအားတွေကို ဘဝရဲ့ တိုးတက်မှုလမ်းကြောင်းမှာ အသုံးချနိုင်တဲ့ သူဟာ လူတော်လူကောင်းတွေ ဖြစ်သွားကြတယ်။ ဘဝမှာ အောင်မြင်တဲ့ လူတွေ ဖြစ်သွားကြတယ်ဆိုတာကို သတိပြုမိရမယ်။

(၈) မူးယစ်ဆေးဝါးဆိုတာဟာ လူကို ရူးနှမ်းသွားစေတယ်။ ရူးသွားပြီဆိုရင် ပြန်ကောင်းလာဖို့ မလွယ်တော့တဲ့ အတွက် လူဖြစ်ရှုံးပြီ။ လောကကြီးက လူတိုင်းအတွက် ပေးအပ်ထားတဲ့ ကောင်းမွန်တဲ့ အခွင့်အရေးတွေ အောင်မြင်နိုင်တဲ့ အခွင့်အလမ်းတွေ တစ်ခုမှ သူ မရနိုင်တော့ဘူး။

(၉) နိုင်ငံခြားဆိုတာ အတုယူစရာရှိတာကို အတုယူရမယ့်နေရာဖြစ်ပြီး ဘယ်နိုင်ငံကမှ ကိုယ့်ပြည် ကိုယ့်မြေလောက် မကောင်းဘူးဆိုတာကို သားတို့ သမီးတို့ သိထားရမယ်။

(၁၀) မူးယစ်ဆေးဆိုတာဟာ ''ဓာတ်လိုက်တတ်သည် '' ဆိုတဲ့ ဆိုင်းဘုတ်လိုပဲ လုံးဝကို စမ်းမကြည့်သင့်တဲ့ အရာဆိုတာကို သိထားရမယ်။

(၁၁) မူးယစ်ဆေးစွဲနေတဲ့ လူကြီးပဲဖြစ်ဖြစ် လူငယ်ပဲဖြစ်ဖြစ် ဖြတ်ဖို့

ကြိုးစားချင်စိတ် မရှိသမျှ သူတို့ ဘဝတွေဟာ ဘယ်တော့မှ လူမွေးလူတောင် မပြောင်တော့ဘူး။ လူဖြစ်ရှုံးပြီဆိုတာ သိထားရမယ်။

(၁၂) ဖြတ်ဖို့ ကြိုးစားလိုက်တာနဲ့ သူ့ဘဝဟာ တစ်ဆစ်ချိုးပြောင်းသွားပြီး ဆေးဖြတ်လိုက်ပြီဆိုတာနဲ့ အဲဒီလူဟာ လောကမှာ အဓိပ္ပာယ်ရှိတဲ့ လူ၊ တန်ဖိုးရှိတဲ့ လူ ဖြစ်လာတော့တာပါပဲ။

ဒါကြောင့် သားတို့ သမီးတို့ ဟာ မူးယစ်အန္တရာယ်ကနေကင်းဝေးပြီး လူချွန်လူကောင်းတွေဖြစ်ကြပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်နော်။

မေတ္တာဖြင့်

ထန်းတပင်စန်းလွင်

*